ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ တနင်္လာနေ့၊ (1-12-2003)(၄၀၇၁)

ယနေ့ထုတ်စောင်ရေ ၁၉၅၀၀၆

အရိယ သစ္စာန ဒဿနံ
တေ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး
တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရိုမေးနီးယားနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၁

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရိုမေးနီးယားနိုင်ငံသမ္မတ မစ္စတာယွန်၊ အီလီယက်စ်စကူးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်းတကော်စက်မှုနယ်မြေ စက်ရုံ အလုပ်ရုံများစစ်ဆေး စက်မှုကဏ္ဍတိုးတက်ရေး တီထွင်ကြံဆသုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် နိုဝင်ဘာ ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အင်းတကော်စက်မှုနယ်မြေမှ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရေဒီယေတာ အလုပ်ရုံ (Radiator Plant) ရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အင်းတကော် စက်မှုနယ်မြေတွင် မော်တော်ယာဉ်၊ ထွန်စက်နှင့် ရေစုပ်စက်များအတွက် စက်ပစ္စည်းများဖြစ်သည့် သံဘီးခွေ (Disc Wheel)၊ ရေတိုင်ကီ (Radiator)၊ အင်ဂျင်များအတွက် သတ္တုဘယ်ယာရင် (Metal Bearing)၊ အင်လက်နှင့် အိတ်ဇော‌ဘား (Inlet & Exhaust Valve)၊ မြင်းကောင်ရေ ၁၈ ကောင် ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေး အလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံ၊ ဘောဘယ်ယာရင် အလုပ်ရုံနှင့် အလူမီနီယံဝါယာကြိုးအလုပ်ရုံများ တည်ဆောက်ပြီးစက်များ လည်ပတ်နေမှုအခြေအနေ၊ ရည်မှန်းချက်တာဝန်များ၊ ဝန်ထမ်းအင်အား၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပသို့ သင်တန်းများစေလွှတ်မှု၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ Foundry၊ Ball bearing၊ Electric Sub-Station၊ ACSR Cable Watt Hour Meter၊ Electric Motor၊ **စာမျက်နှာ ၉ ကော်လံ ၂ သို့ ⇨**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေရှိ အလူမီနီယံ ဝါယာကြိုးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် **ဖြစ်ထွန်းမည်။**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁–၁၂–၂၀၀၃
(တနင်္လာနေ့)

တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ပေါ်ထွန်းရေး ကျေးရာကဏ္ဍမှ အရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ် ရည်မှန်းချက် ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုဝင်ဘာလ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)တွင် မိန့်ကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင်–

နိုင်ငံတော်အစိုးရက တိုင်းပြည်တာဝန်တွေကို စတင်ယူလိုက်ရတဲ့အချိန်မှာ နိုင်ငံရဲ့အခြေအနေဟာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံထဲမှာ ပါဝင်နေတဲ့ အခြေအနေဖြစ်တယ်။ နိုင်ငံတကာမှာသာ မဟုတ် ဒေသအတွင်းမှာပါ ဖွံ့ဖြိုးတိုးတက်မှုနည်းတဲ့ နိုင်ငံတစ်ခုဖြစ်နေခဲ့တယ်။

တိုင်းပြည်ဆင်းရဲရင် နိုင်ငံသားတွေရဲ့ဘဝဟာလည်း ဂုဏ်သိက္ခာကင်းမဲ့ပြီး လူနေမှုဘဝနိမ့်ကျရတယ်။ အဲဒီအခြေအနေက ရုန်းထွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနိုင်ငံဖြစ်ထွန်းလာရေးအတွက် မျှော်မှန်းဦးတည်ခဲ့တယ်။ တို့နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ဆွဲတင်နိုင်ဖို့ဦးတည်ရာမှာ များပြားလှတဲ့ လုပ်ငန်းစဉ်တွေအပြင် ခက်ခဲနက်နဲသိမ်မွေ့တဲ့ အခြေအနေတွေလည်းရှိနေတယ် ဟူ၍ ပြောကြားသွားသည်။

အဆိုပါ ခက်ခဲနက်နဲသိမ်မွေ့သည့် လုပ်ငန်းစဉ်များတွင် နှစ်ပေါင်း (၄၀)ကျော်ကြာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ညှိနှိုင်းအဖြေရှာပြီး နားလည်မှုတည်ဆောက်နိုင်ခဲ့သည့် လုပ်ငန်းစဉ်သည် တစ်ခုအပါအဝင်ဖြစ်သည်။

အပြန်အလှန်နားလည်မှု ထူထောင်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများတွင် အေးချမ်းတည်ငြိမ်မှုရလဒ်ကောင်းများ ရရှိခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ တည်ဆောက်နိုင်ခဲ့သည်။

အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့သည့် ၁၉၈၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကာလအတွင်း နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၅၇၆၂ ဒသမ ၈၇ သန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော် ကျခံသုံးစွဲခဲ့သည်။ ထို့ကြောင့် ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသအသီးသီး ကွာဟမှုနည်းပြီး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၌ အကောင်အထည်ဖော်နေသည့် စီမံကိန်းများနှင့် နိုင်ငံတော်၏ လူအများစုနေထိုင်ရာ ကျေးလက်ဒေသများ၌လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်နေသည်။

ယင်းကဲ့သို့ ဖွံ့ဖြိုးရေးအခြေခံကောင်းများကို နိုင်ငံအနှံ့ ဖြန့်ကြက် အကောင်အထည်ဖော်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံအကျဆုံး စိုက်ပျိုးရေရရှိရေး နည်းလမ်းအသွယ်သွယ်ကို ပမာဏကြီးကြီးမားမား ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် ဆည်တမံ ၁၅၄ ခု၊ မြစ်ရေတင်စီမံကိန်း ၂၆၅ ခု အကောင်အထည်ဖော်ခဲ့ပြီး တည်ဆောက်ဆဲ ဆည်တမံ ၃၈ ခုနှင့် တည်ဆောက်ရန်လျာထားသော စီမံကိန်း ၈၄ ခုရှိနေသည်။ ရေရရှိရေးဆောင်ရွက်နိုင်ခဲ့မှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် တစ်သီးမှ နှစ်သီး၊ နှစ်သီးမှသုံးသီး စိုက်ပျိုးနိုင်ပြီဖြစ်သည်။

ထို့အတူ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားနှင့် သဘာဝစွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍစသည့် ကဏ္ဍအသီးသီးတွင်လည်း အခြေအနေကောင်း၊ ရလဒ်ကောင်းများ ပေါ်ထွန်းလာနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရရှိပြီးအခြေခံရလဒ်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ရင်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာကဏ္ဍ အသီးသီးမှ အရှိန်အဟုန်မြှင့်မြှင့်မားမားဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရိုမေးနီးယားနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၁

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁ရက်တွင်ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမီစီယာ၊ဂျီအိုအာနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မလိုသူ့စကား လားလားမျှမမှု

✧ ပင်ပန်းပါစေ၊ မတွေဝေဘူး
တို့တွေဘဝ၊ လွတ်လပ်ကြလျှင်။
✧ မချမ်းသာလည်း၊ ဝမ်းမနည်းဘူး
အမြဲစိတ်မှာ၊ လွတ်လပ်စွာဖြင့်
ကိုယ်ပိုင်ရာမြေ၊ ကိုယ့်ဌာနေနှင့်
ကိုယ့်ဆွေကိုယ့်မျိုး၊ ဂုဏ်တန်ဖိုးတွေ
ခြေနေမပျက်
တည်တံ့လျက်သာ၊ ရှိနေပါလျှင်။
✧ မလိုသူများ၊ ဆိုစကားကြောင့်
တို့များသွားရာ၊ ခရီးတာကို
တွန့်ကာဆုတ်ခြင်း၊ တွေဝေခြင်းတို့
အလျင်းရှိမည်မဟုတ်ပါ။
✧ တို့ရည်မှန်းချက်၊ ချမှတ်ချက်သည်
သူများအတွက်မဟုတ်ပါ။
✧ တို့ရည်မှန်းချက်၊ ချမှတ်ချက်သည်
တို့တွက်တို့တာ၊ လွတ်လပ်စွာဖြင့်
တို့ကြမ္မာကို၊ ပိုင်စွာဖန်တီး
တို့ပြည်ကြီးကို၊ ခိုင်ပြီးအားမာန်
ရှိစေရန်မို့၊ အမှန်မပျက်
ဆက်လုပ်ရမှာ တို့ဝန်တာ
မပျက်မကွက်ဆက်လုပ်မှာ။ ။

ဖိုးဝ

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့–အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဦးဆောင်နာယကအဖွဲ့ဝင်များ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတွင် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လှေလှော်အားကစားအဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။
(အား/ကာ)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ အရှေ့တောင်အာရှပြိုင်ပွဲဝင်မည့် အားကစားသမားများအား အားပေး

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့–အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဦးဆောင်နာယကအဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ရောက်ရှိလာပြီး (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လှေလှော်အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ရှေးဦးစွာ အားကစားသမားများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုကြပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့–အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိုင်ငံဂုဏ်ဆောင် အောင်နိုင်ရေးအတွက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ၏ လှေလှော်သရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံသို့ ရောက်ရှိကြပြီး (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြေးခုန်ပစ်၊ အလေးမ၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် စစ်တုရင်အားကစားအဖွဲ့ဝင်များအား တွေ့ဆုံရာ အားကစားသမားများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုကြပြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက အောင်နိုင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ကြရန် အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ရန်ကုန်တောင်ပိုင်းခရိုင် စကားရည်လုပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

World AIDS Days နေ့ အကြို အထိမ်းအမှတ်အဖြစ် အရှေ့ခြမ်းလေးမြို့နယ် စကားရည်လုပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင် ဒေါ်တင်တင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပထမရရှိကြောင်း သိရသည်။ (က–ပ)

အခါပေးဗေဒင်ပြက္ခဒိန်ဖြန့်ချိ



ရန်ကုန် နိုဝင်ဘာ ၃၀

၂၀၀၄ ခုနှစ် အောင်မြင်ခြင်းမင်္ဂလာအခါပေး ဗေဒင်ပြက္ခဒိန်ကို ပင်ရင်းမြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ ဒုဥက္ကဋ္ဌ ဆရာဦးမြင့်လွင် ဖုန်း–၅၈၀၂၆၄၊ ရန်ကုန်ဖြန့်ချိရေး ဦးစိုးနိုင် ဖုန်း–၅၆၀၇၄၉ နှင့် မန္တလေးဖြန့်ချိရေး ဆန်းစတား ဖုန်း–၃၁၀၅၅ တို့က ဖြန့်ချိထားသည်။ (က–ပ)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် နိုဝင်ဘာ ၂၈ ရက်က အမေရိကန် စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားသည့် လမ်းဘေးတွင် ထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီးနောက် တိုက်ဂရစ်မြစ်ကူးတံတား ထိခိုက်ပျက်စီးမှု အခြေအနေကို အီရတ်ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် ကျဆုံးပါစေ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အဇာမီးယား ရပ်ကွက်တွင် **“အမေရိကန် ကျဆုံးပါစေ”**ဟူ၍ ရေးသားထားသော အုတ်တံတိုင်းအနီးမှ အီရတ်အမျိုးသမီးတစ်ဦးနှင့် သူမ၏သားတို့ ဖြတ်လျှောက်သွားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် တပ်ဖွဲ့ဝင်များ အီရတ်တွင် အကျအဆုံး များပြား သမ္မတဘုရှ် ပြည်တွင်း၌ ဖိအားပေးခြင်း ခံနေရ

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အကျအဆုံး အထိအခိုက် များပြားနေခြင်းနှင့် စစ်စရိတ် တရိပ်ရိပ် မြင့်တက်နေမှုတို့ကြောင့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် ပြည်တွင်း၌ ဖိအားပေးခြင်းခံနေရသည်။

အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှု ဖြစ်ပေါ်ရန်နှင့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရန် အခွင့်အလမ်းမှာ နည်းပါးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက သုံးသပ်ကြသည်။

အီရတ်နိုင်ငံတွင် ပြည်သူလူထုအတွက် လုံခြုံရေးအခြေအနေကောင်းများ ဖန်တီးပေးခြင်း၊ နိုင်ငံရေးနှင့် စီးပွားရေး အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးခြင်းတို့၌ တိုးတက်အောင်မြင်မှုများ ရရှိလာစေရန် အရေးတကြီး လုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိသည်။

မြို့တော်ဘဂ္ဂဒက်တွင် တည်ငြိမ်အေးချမ်းမှုရရှိရန် တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ရပ်တွင် ခုခံတိုက်ခိုက်မှုကြောင့် သေဆုံးသွားသော အီရတ်လူမျိုးတစ်ဦး၏ ဆွေမျိုးသားချင်းတစ်ဦးက ပါဝင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရှာဖွေစစ်ဆေး

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့တွင် အစိုးရရုံး အဆောက်အအုံတစ်လုံး အတွင်းသို့ ဝင်ရောက်မည့် အီရတ်လူမျိုး အမျိုးသမီးတစ်ဦးကို အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးက သတ္တုရှာဖွေရေး စက်ကိရိယာဖြင့် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်းလှည့်

မြို့တော်ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၈၀ အကွာ အမေရိကန်ဆန့်ကျင်ခုခံမှုများ ပြင်းထန်သည့် တီကရစ်မြို့၏ မြို့လယ်ဒေသတွင် ညဘက် ကင်းလှည့်ထွက်လာသည့် အမေရိကန်တပ်ဖွဲ့မှ ဟမ်းဗီးမော်တော်ယာဉ်တစ်စီးနှင့်အတူ လိုက်ပါလာသော အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

1-12)KM.P65 3 12/1/03, 12:34 AM

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအခန်းကဏ္ဍ လိုအပ် ကုလသမဂ္ဂ ဦးဆောင်ပါဝင်ရန် ဒီမိုကရက်အမတ် ဟီလာရီကလင်တန် ပြောကြား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ကျယ်ပြန့်သည့် နိုင်ငံတကာအခန်းကဏ္ဍ ရရှိရန် လိုအပ်ကြောင်း၊ သို့ရာတွင် အမေရိကန်အစိုးရအနေဖြင့် ၎င်းကျူးကျော်ပြီး သိမ်းပိုက်ခဲ့သည့် အီရတ်နိုင်ငံအား ထိန်းချုပ်ခွင့်ပေးမည့် ကိစ္စအပေါ် သံသယဖြစ်မိကြောင်းဖြင့် အမေရိကန်အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က သောကြာနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ယုံကြည်

အီရတ်နိုင်ငံပြန်လည်ထူထောင်ရေး ကိစ္စမှာ နိုင်ငံတကာမှ ဝိုင်းဝန်းဆောင်ရွက်သင့်သည်ဟု မိမိ နက်ရှိုင်းစွာ ယုံကြည်ထားသူဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့ အမေရိကန်အစိုးရအဖွဲ့၏ တွေးခေါ်မြော်မြင်ရေးတွင် ယင်းကိစ္စမှာ ကြီးမားသည့် ပြောင်းလဲမှုတစ်ရပ် ဖြစ်မည်ဟု ထင်ကြောင်း နယူးယောက်မှ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဟီလာရီက ဘဂ္ဂဒက်သို့ ခရီးသွားရောက်ခဲ့စဉ်က ပြောကြားခဲ့သည်။

မထင်မြင်မိ

ယင်းကိစ္စဖြစ်လာနိုင်ကြောင်း မိမိ မထင်မြင်မိကြောင်း သမ္မတဟောင်း ဘီလ်ကလင်တန်၏ ဇနီးဖြစ်သူက ပြောကြားသည်။

လျော့ပါးခဲ့

ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂ ဌာနချုပ် ဩဂုတ်လအတွင်းက ဗုံးဖောက်ခွဲမှု ခံခဲ့ရပြီးနောက် အီရတ်နိုင်ငံမှ ဝန်ထမ်းအများစုကို ရုပ်သိမ်းပြီး ဝန်ထမ်းအချို့သာ အီရတ်တွင် ထားရှိခဲ့သည့် ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံအား စီမံအုပ်ချုပ်ရာတွင် အဓိကကဏ္ဍမှ ပါဝင်သင့်ပြီး ယင်းကြောင့် အမေရိကန် ပြည်ထောင်စုအတွက် အီရတ်နှင့် ပတ်သက်သည့် ဝန်ထုပ်ဝန်ပိုး လျော့ပါးသွားနိုင်ကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြောက်လန့်

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြို့လယ်ဒေသတွင် သင်္ကာမကင်းဖွယ်ရာ ခုခံတိုက်ခိုက်ရေးသမားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေမှုများ ပြုလုပ်နေခိုက်တွင် မိမိမျက်နှာကို မိမိအုပ်ကာ ကြောက်လန့်နေသော အီရတ်လူမျိုး မိန်းကလေးငယ်တစ်ဦးအား နိုဝင်ဘာ ၂၉ ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် အမေရိကန် ဦးဆောင်သည့် ကျူးကျော်သိမ်းပိုက်ရေး တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ကင်းလှည့် ထွက်လာသည်ကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံကို အမေရိကန်များ လုမယူနိုင်စေရန် ပိုက်လိုင်းများကို တိုက်ခိုက်နေရခြင်းဖြစ်သည်ဟုဆို

ကယ်ကွတ် နိုဝင်ဘာ ၂၉

မကြာသေးမီ အချိန်အတွင်းက ဖြစ်ပွားသော အဆက်မပြတ် ပေါက်ကွဲမှုများကြောင့် အီရတ်ရှိ မြောက်ပိုင်းရေနံကုမ္ပဏီ၏ ပြတင်းပေါက်များ တုန်ခါကုန်သည်။ မိနစ်ပိုင်းအတွင်းမှာပင် အမေရိကန်ကန်ထရိုက်တာများနှင့် အီရတ်ရေနံလုပ်ငန်းမှ အမှုဆောင် ကိုယ်စားလှယ်များသည် တိုက်ခိုက်ဖျက်ဆီးခံလိုက်ရသော ရေနံပိုက်လိုင်းများ၏ အပျက်အစီး အခြေအနေကို အကဲဖြတ်နိုင်ရန် အဆောက်အအုံအတွင်းမှ ရေးကြီးသုတ်ပျာ ထွက်သွားကြသည်။

ပျက်ပြားစေခဲ့

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အပတ်စဉ်နီးပါးပင် ရေနံပိုက်လိုင်းများနှင့် ရေနံတွန်းပို့ပေးသော စက်ရုံများကို တိုက်ခိုက်လျက်ရှိကြသည်။ ထိုရေနံတွန်းစခန်းများနှင့် ရှည်လျားလှသော ပိုက်လိုင်းများသည် အီရတ်မြောက်ပိုင်းရှိ လူသူကင်းမဲ့သော လွင်ပြင်ဒေသများနှင့် ကြမ်းတမ်းသော တောင်ကုန်းဒေသများတွင် တည်ရှိသည်။ ထိုပိုက်လိုင်းများသည် အီရတ်ရေနံများ ပြည်ပသို့တင်ပို့ရာ ဆိပ်ကမ်းရှိသော တူရကီနိုင်ငံ စီဟန်ဆိပ်ကမ်းဆီသို့ ဦးတည်သွားနေသည်။ ထိုရေနံပိုက်လိုင်း တိုက်ခိုက်မှုများကြောင့် နေ့စဉ် အီရတ်ရေနံစိမ်းပီပါ ၈၅၀၀၀၀ ပြည်ပသို့ တင်ပို့နိုင်ရေး အခြေအနေကို ပျက်ပြားစေခဲ့သည်။ အီရတ်စစ်ပွဲ မဖြစ်ပွားမီက အထက်ပါ ပမာဏနှင့်ညီမျှသော ရေနံများကို ပြည်ပသို့ နေ့စဉ်တင်ပို့နိုင်ခဲ့သည်ဟု အီရတ်နှင့် အမေရိကန်အရာရှိများက ပြောကြသည်။

အီရတ်ရေနံပိုက်လိုင်းများ၏ မလုံမခြုံရှိလှသော အခြေအနေနှင့် မကြာခဏ အတိုက်ခိုက်ခံနေရသော အခြင်းအရာများအကြောင်းကို အီရတ်တပ်မတော် တပ်ကြပ်ကြီးဟောင်းတစ်ဦးဖြစ်သူ အီရတ်ခုခံတိုက်ခိုက်ရေးသမား အလီက ၎င်း၏ အမြင်များကို ရှင်းပြသွားသည်။ ၎င်းမှာ အသက်အရွယ်အားဖြင့် (၃၂)နှစ်ရှိနေပြီဖြစ်၏။ ၎င်းက အမှန်တကယ်အားဖြင့် ရေနံပိုက်လိုင်း အတိုက်အခိုက်ခံနေရတာကို အမေရိကန်နှင့် အဖွဲ့သားများမှာ အနည်းအကျဉ်းလောက်သာ ကာကွယ်မှု ပေးနိုင်ပါသည်။ တိုက်ခိုက်မှုတွေ ရပ်သွားအောင် မလုပ်နိုင်ကြပါ။ မိမိတို့ တိုက်ချင်ပါက နေ့တိုင်းတိုက်နိုင်သည့် အခြေအနေရှိပါသည်ဟု ပြောပြသည်။

သက်သေပြ

အမေရိကန်နှင့် ကျူးကျော်သိမ်းပိုက်သူများသည် အီရတ်ရေနံမှရသော ဝင်ငွေဖြင့် စစ်ပွဲပြီးနောက် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ ရေနံမှရသော ဝင်ငွေဖြင့်ပင် ပြန်လည်သုံးစွဲ ကျခံနိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသည်။ သို့ရာတွင် ယခုဖြစ်ပေါ်နေသော ရေနံလုပ်ငန်း အတိုက်ခိုက်ခံရမှုများကြောင့် အမေရိကန်တို့၏ အကြံအစည်မှာ ပျက်ပြားခဲ့ရသည်ဟု ဆိုသည်။ သိမ်းပိုက်ထားသူတို့ ရည်မှန်းထားသော ရေနံလုပ်ငန်းနှင့် ပတ်သက်သော ရည်ရွယ်ချက်မှာ မအောင်မြင်ကြောင်း ပေါ်လွင်စွာပြသနိုင်ရန် ဘဂ္ဂဒက်ရှိ ရေနံဝန်ကြီးဌာနကို ခုခံရေးသမားများက မြည်းဆွဲသော လှည်းပေါ်မှ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး သက်သေပြခဲ့ကြခြင်းဖြစ်သည်။

ဝါရှင်တန်ရှိ အမေရိကန်အစိုးရသည် အီရတ်စစ်ပြီးနောက်ပိုင်း သုံးနှစ်တာကာလအတွင်း ရေနံမှ အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀၀၀ ရရှိလိမ့်မည်ဟု မှန်းဆထားခဲ့သည်။ သို့ရာတွင် အီရတ်ခုခံရေးသမားများ၏ ပိုက်လိုင်းများကို တိုက်ခိုက်မှု၊ ရေနံလုပ်ငန်းများ၏ အခြေခံပစ္စည်းကိရိယာ အဆောက်အအုံများ ပျက်စီးနေမှုနှင့် လုယက်ခိုးယူမှုများကြောင့် အမေရိကန်တို့အတွက် မှန်းချက်မကိုက်ဘဲ ရှိခဲ့ရသည်ဟု ဆိုသည်။ ယခု ပိုက်လိုင်းတိုက်ခိုက်မှု အခြေအနေများသည် အီရတ်ခုခံရေးသမားများနှင့် အမေရိကန်နှင့် ယင်းနှင့်ပူးပေါင်းသူ အီရတ်အင်အားစုများအကြား အန္တရာယ်ကြီးလှသော ကစားကွက်တစ်ခုသဖွယ် လှုပ်ရှားလုပ်ကိုင်နေကြရကြောင်း သိရသည်။

ဖောက်ခွဲမှု အကြိမ်ပေါင်း

ခုခံရေးသမား စစ်သားဟောင်းကြီး အလီမှာ ဖောက်ခွဲရေးပစ္စည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်ဟု ဆိုသည်။ ၎င်းက အခြားခုခံရေးသမားများကို ဖောက်ခွဲရေးနည်းနာများ သင်တန်းပေးနေသည့်အပြင် သူ၏အုပ်စုမှ ဖောက်ခွဲမှုအကြိမ်ပေါင်း (၂၅)ကြိမ်မှ အကြိမ် (၃၀) ခန့်အထိ ပြုလုပ်ခဲ့ပြီးပြီဖြစ်ကြောင်း ပြောပြသည်။

အလီက ဒီရေနံများသည် အီရတ်လူမျိုးတွေသာပိုင်တဲ့ ရေနံတွေဖြစ်သည်။ အမေရိကန်တွေသည် ဆက်ဒမ်ကို ဖယ်ရှားပေးမည်ဆိုပြီး ဝင်လာကြသော်လည်း ဆက်ဒမ်ကို မဖမ်းနိုင်ဘဲရှိသည်။ ဘယ်တော့မှလည်း ဖမ်းနိုင်မည်မဟုတ်ပါ။ အခုတော့ ၎င်းတို့က (အမေရိကန်တွေက) ကျွန်တော်တို့ ရေနံတွေကို စတင်ပြီး ခိုးယူနေကြပြီ။ ဒါကြောင့် ကျွန်တော်တို့က သူတို့ အလိုချင်ဆုံးဖြစ်တဲ့ ရေနံကို ယူလို့မရအောင် တိုက်နေရခြင်းဖြစ်သည်ဟု အလီက ဆိုသည်။ အလီက တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားရာ၌ ၎င်း၏ အမည်အပြည့်အစုံကို ဖော်ပြခြင်းမပြုရန် တောင်းဆိုခဲ့သည်။

အင်တာနက်။

စစ်မြေပြင်မှ ဗုံးများဖယ်ရှားရေး သဘောတူစာချုပ် အစိုးရများ အတည်ပြု

ဂျီနီဗာ နိုဝင်ဘာ ၂၈

စစ်ပြီးကာလ ထိန်းချုပ်ရသည့် နယ်မြေများရှိ မပေါက်ကွဲသေးသည့် ဗုံးများနှင့် အခြားလက်နက်ခဲယမ်းများ အစိုးရက ရှင်းလင်းပေးရမည့် သဘောတူစာချုပ်တစ်ရပ်ကို ကမ္ဘာ့အစိုးရများက သောကြာနေ့တွင် အတည်ပြုလိုက်သည်။

လက်ခံရန် သဘောတူ

အမေရိကန်၊ ရုရှားနှင့် တရုတ်အပါအဝင် ၉၂ နိုင်ငံ သံအမတ်ကြီးများက အဆိုပါ သဘောတူစာချုပ်ကို လက်ခံရန် သဘောတူလိုက်ကြခြင်းဖြစ်သည်။

ဤသဘောတူစာချုပ်မှာ အမေရိကန်သမ္မတဘုရှ် အစိုးရက လက်ခံသည့် ပထမဆုံးသော လက်နက်ဖျက်သိမ်းရေး စာချုပ်ဖြစ်သည်။

အင်တာနက်။



အယ်ဂျာဇီးရားနှင့် အယ်အာရေဗျရုပ်/ သံကို တန်ပြန်ရန် အယ်အီရတ်ကီးယားရုပ်/ သံကို အမေရိကန် ထူထောင်

ဘဂ္ဂဒက် နိုဝင်ဘာ ၃၀

အီရတ်ပြည်သူတို့၏ စိတ်ရောကိုယ်ပါ ထောက်ခံမှုရရေးတိုက်ပွဲတွင်အမေရိကန်တို့၏ အကြီးမားဆုံး မျှော်လင့်ချက်တစ်ခုမှာ အမေရိကန်စစ်ဌာနချုပ်က အကုန်အကျခံသည့် အယ်အီရတ်ကီးယား ရုပ်မြင်သံကြားဌာနပင်ဖြစ်သည်။

ဝေဖန်ခေါ်ဝေါ်

အယ်အီရတ်ကီးယားရုပ်သံလွှင့်သူများက အမေရိကန်စစ်တပ်နှင့်အီရတ်အရပ်သားပစ်မှတ်များကို ခုခံတိုက်ခိုက်သည့် ပြောက်ကျားများအား အကြမ်းဖက်သမားများဟု ဝေဖန်ခေါ်ဝေါ်သည်။

စိတ်ဝင်စားမှုမရှိ

သို့သော်ပြဿနာမှာ ကံကောင်း၍ စလောင်းတပ်ရသည့် အီရတ်ပြည်သူများက အယ်အီရတ် ကီးယား၏ သတင်းများကို စိတ်ဝင်စားမှု မရှိခြင်းဖြစ်သည်။

သူတို့က အယ်ဂျာဇီးရားနှင့် အယ်အာရေဗျတို့ကို ပိုမိုနှစ်သက်လိုလားသည်။ အဆိုပါ ရုပ်မြင်သံကြားနှစ်ဌာနမှာ အမေရိကန် ဆန့်ကျင်ရေး တိုက်ခိုက်ရေးသမားများကို ခုခံသူများအဖြစ် သုံးစွဲခေါ်ဝေါ်သည်။

မကြာသေးမီကပင် ကာတာနှင့် ဒူဘိုင်းအခြေစိုက် အဆိုပါ ရုပ်မြင်သံကြားဌာနနှစ်ခုကို ရန်ရှာလာသည်။

ပိတ်ပင်ခဲ့

ဆက်ဒမ်ဟူစိန်မိန့်ခွန်းကို ထုတ်လွှင့်ပြီး ဆက်တိုက်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်အောင် လှုံ့ဆော်ပေးသည်ဆိုကာ အယ်အာရေဗျ ရုပ်မြင်သံကြားဌာနခွဲကို အီရတ်အုပ်ချုပ်ရေးကောင်စီက ပိတ်ပင်လိုက်သည်။

အမေရိကန်နှင့်မဟာမိတ်များက အယ်ဂျာဇီးရားရုပ်မြင်သံကြားဌာနကိုလည်း လက်ခံနှစ်သက်ကြောင်း အလျင်းမပြပေ။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က အဆိုပါ ရုပ်မြင်သံကြားဌာန နှစ်ခုစလုံး ညွှန့်ပေါင်းအာဏာပိုင်အဖွဲ့ကို အပြင်းအထန်ဆန့်ကျင်သည့် ဌာနများဖြစ်သည်ဟု ပြောဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်သည် တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ပြည်သူလူထုမှာ စိုးရိမ်ထိတ်လန့်စွာ သွားလာနေကြရသည်။ မြို့တော်တွင် အမေရိကန်တပ်ဖွဲ့အား ပစ်မှတ်ထားသည့် ခုခံတိုက်ခိုက်မှုသည် အမြဲတစေဖြစ်ပွားလျက်ရှိရာ မြို့သူ၊ မြို့သားများမှာ သေကျေထိခိုက် ဒဏ်ရာရနေမှုများ ဖြစ်ပွားနေရသည်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ် အမျိုးသမီးငယ်နှစ်ဦး ဘာကူဘာမြို့တွင် အသတ်ခံရဟုဆို

ဘဂ္ဂဒက် နိုဝင်ဘာ ၂၉

ဘဂ္ဂဒက်မြို့မှ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ အကွာရှိ ဘာကူဘာမြို့တွင် လူသတ်မှုဖြစ်ပွားခဲ့သည်။

အီရတ်ညီအစ်မနှစ်ဦးတို့၏ အလောင်းများကို ဘာကူဘာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့များက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်ဟု သိမ်းပိုက်ရေးတပ်ဖွဲ့များထံမှလာသော သတင်းကဆိုသည်။

လွှဲအပ်ခဲ့

အမေရိကန်တပ်ဖွဲ့များက သေဆုံးသူအမျိုးသမီးငယ်နှစ်ဦး၏ အလောင်းများကို အီရတ်ရဲများလက်သို့ လွှဲအပ်ခဲ့ကြကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။ တစ်ဆက်တည်းမှာပင် ယခုကိစ္စသည် အရပ်ဘက်လူသတ်မှုဖြစ်နိုင်ကြောင်းကိုပါ မှတ်ချက်ပြုဖော်ပြထားသည်ဟု ဆိုသည်။

ပစ်သတ်ခဲ့

သို့ရာတွင် အသတ်ခံရသူ ညီအစ်မများ၏ အစ်ကိုက ထိုအမျိုးသမီးငယ်များကို အမေရိကန်တပ်ဖွဲ့များက အမ်အင်ဖီမာစ်လေဆိပ်တွင် ပစ်သတ်ခဲ့ကြခြင်းဖြစ်သည်ဟု ပြောဆိုသည်။ ထိုလေဆိပ်မှာ ဘာကူဘာမြို့မှ ခုနစ်ကီလိုမီတာအကွာတွင်တည်ရှိသည်။ သေဆုံးသူများမှာ အသက် ၁၅ နှစ်နှင့် ၁၂ နှစ်အရွယ်ရှိ ဖာတီမာနှင့် အာဇရာတို့ဖြစ်ကြသည်။

ထိုညီအစ်မမှာ ကွင်းထဲတွင် ကြာသပတေးနေ့ မွန်းလွဲပိုင်းက ထင်းကောက်နေကြစဉ် ယခုကဲ့သို့ ဖြစ်ပွားခဲ့ရသည်ဟု အစ်ကိုဖြစ်သူက ပြောပြသည်။

ပွဲချင်းပြီး

အာဇရာမှာ နေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားပြီး သူ၏ ညီမမှာ နောက်ပိုင်းတွင်မှ ဒဏ်ရာကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အသက် ၁၈ နှစ်အရွယ်ရှိ ကူဆေးက ပြောကြားသွားသည်။

အမေရိကန်စစ်ဘက်မှ သေဆုံးသူညီအစ်မတစ်ဦး၏ အလောင်းကို အီရတ်ရဲများလက်သို့ လွှဲပြောင်းပေးခဲ့ရာ၌ ထိုအမျိုးသမီးငယ်၏ လက်ဝယ်တွင် သေနတ် ပိုင်ဆိုင်ထားသည်ဟု ပြောကြားသွားကြောင်း ရဲတပ်သားဟူစိန်အလီက ပြန်လည်ပြောပြသည်။ အီရတ်ရဲများက သေဆုံးသူညီအစ်မ၏ အိမ်သို့သွားရောက် ရှာဖွေသောအခါ တရားမဝင်ပစ္စည်း တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိခဲ့ရခြင်းမရှိဟု ဆိုသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အမေရိကန်တပ်များ ခဲယမ်းမီးကျောက် မပြည့်စုံဟု ဖော်ပြ

ဝါရှင်တန် နိုဝင်ဘာ ၃၀

အီရတ်နိုင်ငံတွင် ဧပြီလက တာဝန်ထမ်းဆောင်ခဲ့ကြသည့် အမှတ်(၃) ကြည်းတပ် ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များတွင် လက်နက်ခဲယမ်းမီးကျောက်များ နည်းပါးနေသည်ဟု ၎င်းတို့၏ တပ်မှူးများကပြောကြားမှုသည် အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ရန် လက်နက် ခဲယမ်းမီးကျောက်အတွက် လိုအပ်လျက်ရှိသည်ကို ဖော်ပြခြင်းဖြစ်ကြောင်း တပ်တွင်း တိုက်ပွဲအပေါ် အကဲဖြတ်ရေးအဖွဲ့ အစီရင်ခံစာအရ ဖော်ပြသည်။

၎င်းပြဿနာသည် ကူဝိတ်နိုင်ငံမှ အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ အလျင်အမြန် ၂၁ရက်အတွင်း ရွှေ့ပြောင်းခဲ့စဉ်နှင့် မရွှေ့ပြောင်းမီအချိန်တွင် အမှတ်(၃) ခြေလျင်တပ်မက တွေ့ဆုံခဲ့သည့် ဖြည့်ဆည်းရေးဆိုင်ရာ ပြဿနာပေါင်းသောင်းခြောက်ထောင်မှ တစ်ခုသော ပြဿနာပင်ဖြစ်ကြောင်း တပ်တွင်း သုံးသပ်ချက် အစီရင်ခံစာအရ သိရသည်။

ရိုက်တာ။

ထိတ်လန့်ကြောက်ရွံ့

အီရတ်နိုင်ငံ ဘာကွတ်မြို့ရှိ ဆင်ခြေဖုံးဒေသတစ်ခုတွင် အမေရိကန်တပ်ဖွဲ့က အရဏ်တက်ချိန် စီးနင်းရှာဖွေမှုတစ်ရပ်အတွင်း နေအိမ်ပြင်ပသို့ ထွက်ပေးရသည့် အီရတ်လူမျိုး ကလေးသူငယ်များ ထိတ်လန့်ကြောက်ရွံ့နေသည်ကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကုလသမဂ္ဂဆက်သွယ်ရေး အုပ်စုထူထောင်မှု ပြင်သစ် လက်ကမ်းကြိုဆို

ပါရီ နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံ ပြဿနာဆိုင်ရာ ကုလသမဂ္ဂ ဆက်သွယ်ရေးအုပ်စု ထူထောင်မှုကို ပြင်သစ်နိုင်ငံက လက်ကမ်းကြိုဆိုလိုက်ပြီး မိတ်ဆွေနိုင်ငံအချင်းချင်းအတွင်း ညှိနှိုင်းတိုင်ပင်မှု အားသစ်လောင်းပေးလိုက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိဒ်စ်ရောဂါသည် လူအမြောက်အမြား သေစေနိုင်သော အဖျက်လက်နက်ဖြစ် ကမ္ဘာကြီးအနေဖြင့် အိဒ်စ်ရောဂါတိုက်ဖျက်ရေးအတွက် မျက်ခြည်ပြတ်နေ

လန်ဒန် နိုဝင်ဘာ ၂၉

ခုခံအားကျဆင်းမှုရောဂါ(အိဒ်စ်)သည် အချို့နိုင်ငံများအတွက် လူအမြောက်အမြားသေစေသည့် အဖျက်လက်နက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးအနေဖြင့် ရောဂါပြန့်ပွားမှုကို တိုက်ဖျက်ရေးအတွက် မျက်ခြည်ပြတ်လျက်ရှိနေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ လူတွေ့မေးမြန်းမှုတွင် ပြောကြားချက်အား သောကြောနေ့ကထုတ်ပြန်သည်။

ယင်းရောဂါပြန့်နှံ့မှုအတွက် တားဆီးရန် ကိုဖီအာနန်က ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းလိုက်သည်။ အချို့သော နိုင်ငံများအတွက် အိဒ်စ်ရောဂါသည် အမှန်တကယ်ပင် လူအမြောက်အမြားသေစေသည့် အဖျက်လက်နက်ဖြစ်နေကြောင်း၊ ယင်းကိစ္စကို မိမိတို့မည်ကဲ့သို့ လုပ်ဆောင်နေသနည်းဟု ကိုဖီအာနန်က ဘီဘီစီရေဒီယိုအသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ယင်းသို့ဖြစ်ခြင်းသည် ၂၁ ရာစုနှစ်တွင် မျှော်လင့်မထားသည့် မယုံကြည်နိုင်စရာကောင်းသော အကြင်နာကင်းမဲ့မှု အချို့ပင်ဖြစ်ကြောင်း ဖော်ညွှန်းလိုက်ခြင်းဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ အိပ်ချ်အိုင်ဗွီ၊ အိဒ်စ်ရောဂါ နောက်ထပ်ဖြစ်ပွားသူနှင့် သေဆုံးသူတို့မှာ ၂၀၀၃ ခုနှစ်အတွင်း မမျှော်မှန်းနိုင်လောက်အောင်မြင့်တက်လာပြီး ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂ၏ ယခုရက်သတ္တပတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းရောဂါခံစားရသူ ၂၀၀၃ ခုနှစ်အတွင်း လူဦးရေငါးသန်းခန့်ရှိခဲ့ပြီး လူသုံးသန်းကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ကမ္ဘာတစ်ဝန်းရှိ လူသန်း ၄၀ သည် အိပ်ချ်အိုင်ဗွီနှင့် အိဒ်စ်ရောဂါကူးစက်ခံနေရကြောင်း ကမ္ဘာတစ်ဝန်းရှိ ခန့်မှန်းချက်များအရ သိရသည်ဟု ၎င်းက အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

နိဗ္ဗာန်ရောက်ကြောင်း အထူးတရားပွဲများ ဟောကြားမည်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကြီးက ကြီးမှူး၍ ဒီဇင်ဘာ ၆ ရက်တွင် ဘဒ္ဒန္တနရပတိ(ဖြူးဆရာတော်)၊ ဒီဇင်ဘာ ၇ ရက်တွင် အရှင်သောဘိတာဘိဝံသ(ကမ္မဋ္ဌာနာစရိယ)၊ ဒီဇင်ဘာ ၈ ရက်တွင် ဘဒ္ဒန္တအဂ္ဂိသ(ပါဠိကာရီ ဆရာတော်)၊ ဒီဇင်ဘာ ၉ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ဒီဇင်ဘာ ၁၀ ရက်တွင် အရှင်ပညာဇောတ (မြိုင်ဆရာတော်)တို့က ဒေါပုံမြို့နယ် ဓမ္မာရုံကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

မြို့ခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မစိုးရိမ်တိုက်သစ်သာသနာ နိုင်ငံတော်အစိုးရ စေတနာ

ရတနာစည်ဆရာတော်(လွိုင်လင်)

(ယမန်နေ့မှအဆက်)

နိုင်ငံတော်ဝန်ကြီးချုပ်က ဤသို့ ဆက်လက်လျှောက်ထား၏။ **ထိုကဲ့သို့ မကြုံစဖူး ထူးထူးခြားခြား အံ့သြဖွယ်ကောင်းလောက်အောင် ပြည်သူများ လှူဒါန်းနိုင်ကြခြင်း၏ အဓိကအကြောင်းရင်းအချက်မှာ တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာလျက် နေ့၊ ညမရွေး ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားနိုင်သဖြင့် ပြည်သူအများ စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်နေခြင်းကြောင့် ဖြစ်ပါကြောင်း။**

အကြောင်းကြောင့် အကျိုးဖြစ်သည် (ယေဓမ္မာဟေတုပ္ပဘဝါ)ဟူသော ဘုရားဟောဓမ္မမှန်ကို ယနေ့မြန်မာနိုင်ငံ သမ္ပတ္တိဖြစ်စဉ်များနှင့် နှိုင်းယှဉ်ချိန်ထိုး လျှောက်ထားချက်ဖြစ်၏။

မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုမြို့မှ တောင်ဘက်အစွန်း ကော့သောင်းမြို့အထိ၊ ထိုင်းနယ်စပ် မြဝတီမြို့မှ တရုတ်နယ်စပ် မူဆယ်မြို့အထိ၊ အရှေ့ဖျား တာချီလိတ်မြို့မှ အနောက်ဖျား စစ်တွေမြို့အထိ နေ့၊ ညမရွေး ကုန်တင်ကားများ၊ ဘတ်စ်ကားများ တောက်လျှောက်ဥဒဟိုကူးသန်းသွားလာရောင်းဝယ်ဖောက်ကားနိုင်လေပြီ။ ထို့အပြင် စိုက်ပျိုးစီးပွားကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေ အလုံအလောက် အမြဲတစေရရှိနေစေရန် ဆည်ပေါင်း ၁၅၀ ကျော်၊ မြစ်ရေတင်စီမံကိန်း ၂၆၀ ကျော်တို့ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသဖြင့် တောင်သူလယ်သမားများအဖို့ တစ်သီးစားမှ နှစ်သီး၊ သုံးသီးစား စိုက်ပျိုးဖြစ်ထွန်းနေခြင်းကလည်း သာသနဥပမိသမ္ပတ္တိအတွက် တစ်ဖက်တစ်လမ်း အထောက်အပံ့ ဖြစ်လျက်ရှိ၏။

သည်သို့သည်ပုံ ဖြစ်မလာဘဲ ထစ်ကာတန့်ကာ ဆန့်ငင်ဆန့်ငင် ကာလဝိပတ္တိအချိန်များ ရှည်လျားခဲ့ရသည့် အတိတ်ကာလ နှစ်၄၀ သည် တကယ်တော့ မှိုင်းမှုန်မှေးမှိန်စွာ ကုန်လွန်ခဲ့ရ၏။

ကြည့်ပါ။ လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆန့်ကျင်ရေး မွေးဖွားလာခဲ့၏။ ယင်း၏အကျိုးဆက်များအဖြစ် ဥစ္စာသိုက်ဖျက်သော အကြမ်းဖက်လုပ်ရပ်များစွာ ပေါ်ထွက်လာ၏။ ဤအရှင်တို့၏ ဇာတိမြေဖြစ်သော ကွမ်းခြံကုန်းဒေသတစ်ကြော တွံတေးတောတန်းကြီးသည် သောင်းကျန်းသူတို့ ခိုအောင်းရာ နယ်ပယ်ကြီးအဖြစ် အရိပ်မည်းကြီး ထိုးနေခဲ့ပါသည်။ ယနေ့ကာလ ကွမ်းခြံကုန်း-ရန်ကုန် နှစ်နာရီခရီးသည် ထိုစဉ်က သင်္ဘောတစ်တန်၊ ကားတစ်တန် နေ့ဝက်ခရီးဖြစ်ခဲ့၏။ အကယ်၍ သင်္ဘောခရီးချည်းသက်သက်ဆိုလျှင် ကွမ်းခြံကုန်းမှ နံနက် ၇ နာရီထွက်၍ ရန်ကုန်သို့ ညနေ ၄ နာရီမှ ရောက်ရှိသော တစ်နေကုန်ခရီး ဖြစ်ခဲ့၏။ သို့တိုင် လုံးဝစိတ်အေးစွာ လိုက်ပါနိုင်ခြင်းမရှိ။ ကျိုက်ထော်လိုနေရာမျိုးရောက်လျှင် ကျည်ဆန်တွေကို ကြောက်နေရပါကုန်သေး၏။

ထိုစဉ်က တိုင်းနိုင်ငံကို ဦးဆောင်မှုပေးကြသော ခေါင်းဆောင်များအကြား ခန္တီ၊ မေတ္တာ နည်းပါး စိတ်ဝမ်းကွဲမှု များပြားနေခြင်း၊ ဝါဒစွဲ၊ ပါတီစွဲ၊ လူမျိုးစွဲများ သန်ကဲသည်းထန်နေခြင်း၊ လက်နက်ကိုင် ထွက်ပေါက်များကိုသာ တစ်ဖွတ်ထိုး တိုးဝင်သွားနေခြင်း၊ ပါလီမန်ဒီမိုကရေစီစနစ်က ညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးကို ဟုတ်ဟုတ်ငြားငြား မဆောင်ကြဉ်းနိုင်သည့်အပြင် ပို၍ပင် ညီညွတ်ရေးကွဲပြားခွင့် ရှိစေခြင်း စသော စသော စသော တို့ကြောင့် တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန် သွေးသံတရဲရဲ ကျည်ဆန်တဖွဲဖွဲ သေနတ်သံညံမစဲ သန်းခေါင်ယံနက်နက်ထဲ ပြေးဆဲလွှားဆဲ ပုန်းအောင်းဆဲဟူသည့် ဆဲမဆုံး ကာလများ ကျော်လွှားလွန်မြောက်ခြင်း အလျှင်းမဲ့ခဲ့ရလေ၏။

ယင်းလက်နက်ကိုင် သောင်းကျန်းမှု ဝတ်မှုန်ကူးခြင်းဖြင့် ပါလီမန် ဒီမိုကရေစီခေတ် ဆယ်စုနှစ်ကျော်ကြာကြာ ဘယ်မှာလဲ ငြိမ်းချမ်းရေး၊ ဘယ်မှာလဲ တည်ငြိမ်ရေး၊ ဘယ်မှာလဲ ဖွံ့ဖြိုးရေး၊ ဟိုဘက်အဝေး မှုန်မှေးမှေး ကာလဝိပတ္တိပွဲတော်ဈေး။

တစ်ဖန်တုံ လမ်းစဉ်ပါတီ ဆိုရှယ်လစ် ဒီမိုကရေစီခေတ်ကို ပြောင်းလဲတည်ဆောက်ခဲ့ကြပြန်သော်လည်း ဦးတည်ချက်အတိုင်း ပြိုင်းရရိုင်း ကြွားရရွှား မသွားနိုင်၊ မလှမ်းနိုင် ယိုင်တိုင်တိုင် ယဲ့တဲ့တဲ့ နုံ့နဲ့နဲ့ နုံချာချာ ဘယ်မှာလဲ ငြိမ်းချမ်းရေး၊ ဘယ်မှာလဲ တည်ဆောက်ရေး၊ ဘယ်မှာလဲ ဖွံ့ဖြိုးရေး၊ ဟိုဘက်အဝေး မှုန်မှေးမှေး၊ ကာလဝိပတ္တိပွဲတော်ဈေး။

နှစ်လေးဆယ်လုံးလုံး မဆုံးနိုင် မသုဉ်းနိုင်ဘဲ သောင်းကျန်းဆဲ၊ ဖျက်ဆီးဆဲ၊ နှောင့်ယှက်ဆဲ၊ ပစ်ခတ်ဆဲဟူသော ကာလဝိပတ္တိ ပေါက်ကွဲချိန် ၁၉၈၈ အရေးအခင်း သန်းခေါင်ယံမှ နိုင်ငံကို လျင်မြန်စွာ ဆွဲထုတ်လျက် ငြိမ်းချမ်းခေတ်အရုဏ်သစ်တည်ဖြစ်လင်းပွင့်အောင် ယနေ့တပ်မတော်အစိုးရသည် ကျားကုတ်ကျားခဲ သည်းသည်းထန်ထန် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းနိုင်ခဲ့ပြီးသော် သည်မှာ ငြိမ်းချမ်းရေး၊ သည်မှာတည်ငြိမ်ရေး၊ သည်မှာတည်ဆောက်ရေး၊ သည်မှာ ဖွံ့ဖြိုးရေးဟု အဖြေပေးနိုင်သည့် ကာလသမ္ပတ္တိ ဗဟိုချက်ကို ပြက်ပြက်ထင်ထင် ဖော်ကျူးပြသနိုင်လေပြီ။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်လျှောက်ထား၏။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး၊ အစွန်အဖျား နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာကြောင့် နိုင်ငံတည်ငြိမ် အေးချမ်းသာယာဝပြောလျက် နယ်စပ်ဒေသ၊ တောင်ပေါ်ဒေသများမှာပါ တကူးတက သွားရောက်လေ့လာ ကြည့်ရှုရလောက်အောင် ခေတ်မီအဆောက်အအုံများ၊ စိုက်ခင်းပျိုးခင်းများ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေး အဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလျက် ရှိနေကြပြီဖြစ်ပါကြောင်း။

တိုင်းပြည်နိုင်ငံ အေးချမ်းသာယာလျက် နိုင်ငံတော်အတွင်း သူပုန်သူကန်ရန်သူမရှိခြင်း၊ ခိုးသားဓားပြ မရှိခြင်းသည် တိုင်းသူပြည်သားတို့ စီးပွားချမ်းသာတိုးတက်ခြင်း၏ အဓိက အကြောင်းဖြစ်ပါကြောင်း။

ဤသို့ တိုင်းနိုင်ငံ အေးချမ်းသာယာစေရအောင်လည်း တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား သည်းခံမှု၊ စိတ်ရှည်မှု၊ ယုံကြည်မှု၊ ဇွဲရှိမှုတို့ကို အင်အားပြု၍ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို တည်ဆောက်ခဲ့ပါကြောင်း။

မှန်ပါသည်။ အပြောမဟုတ် အလုပ်သဘာဝ ဒိဋ္ဌဖြည့်ဆည်းပေးနိုင်သဖြင့် သိပ်သည်းကျစ်လျစ် တည်ဖြစ်လင်းပွင့်လာသော နိုင်ငံ့ဥပမိသမ္ပတ္တိ ရှုန်းအိဝင်းလဲ့လာပုံ ထင်ဟပ်လျှောက်ထားချက် ဖြစ်ပါသည်။ သည်းခံမှု ခန္တီတရား၊ စိတ်ရှည်မှု အဒေါသတရား၊ (လုပ်ဆောင်မှုကံနှင့် သက်ရောက်မှုကံအကျိုးကို) ယုံကြည်မှု သဒ္ဓါတရား၊ ဇွဲရှိမှု ဝီရိယတရားတို့ဖြင့် နိုင်ငံတော်အစိုးရသည် အမြော်အမြင်ရှိရှိ ဆောင်ရွက်နိုင်ခြင်းကြောင့် ကျည်သံဆိတ်သုဉ်းကာ စည်သံဗြောသံသောသောညံနဘ်မိုးလုံး ဖုံးနိုင်သော ကာလသမ္ပတ္တိ တည်ရှိထွန်းတင့်လာသည့် သာဓကအဖြစ် လက်နက်အဖွဲ့ ၁၇ဖွဲ့တိတိ ငြိမ်းချမ်းရေး ရယူလာနိုင်ပုံနှင့် ငြိမ်းချမ်းရေး အထူးဒေသကြီးများ ဖြစ်ထွန်းလာပုံရှုပါ။

(က) ရှမ်းပြည်နယ်

(၁) ၃၁-၃-၈၉ ရက်စွဲ၊ ကိုးကန့်အဖွဲ့၊ အထူးဒေသ(၁)
(၂) ၉-၅-၈၉ ရက်စွဲ၊ "ဝ" အဖွဲ့၊ အထူးဒေသ(၂)
(၃) ၂၄-၉-၈၉ ရက်စွဲ၊ SSA အထူးဒေသ(၃)
(၄) ၃၀-၆-၈၉ ရက်စွဲ၊ ရှမ်းနှင့်အခါ၊ အထူးဒေသ(၄)
(၅) ၁၁-၁-၉၁ ရက်စွဲ၊ KDA၊ အထူးဒေသ(၅)
(၆) ၁၈-၂-၉၁ ရက်စွဲ၊ ပအိုဝ်းအမျိုးသား၊ အထူးဒေသ(၆)
(၇) ၂၁-၄-၉၁ ရက်စွဲ၊ ပလောင်တိုင်းရင်းသား၊ အထူးဒေသ(၇)

(ခ) ကချင်ပြည်နယ်

(၈) ၁၅-၁၂-၈၉ ရက်စွဲ၊ ဒီမိုကရေစီသစ်တပ်မတော်၊ အထူးဒေသ(၁)
(၉) ၂၄-၂-၉၄ ရက်စွဲ၊ ကေအိုင်အို၊ အထူးဒေသ(၂)

(ဂ) ကယားပြည်နယ်

(၁၀) ၂၇-၂-၉၂ ရက်စွဲ၊ KNG အထူးဒေသ (၁)
(၁၁) ၉-၅-၉၄၊ ကလလတ၊ (၂)
(၁၂) ၂၆-၇-၉၄၊ ကယန်းပြည်သစ်ပါတီ၊ (၃)

(ဃ) ဒေသစုံ

(၁၃) ၉-၁၀-၉၄၊ ရလလဖ၊ ပအိုဝ်းနီ
(၁၄) ၂၁-၃-၉၅၊ ကရင်နီအမျိုးသား၊ ကယားပြည်နယ်
(၁၅) ၂၉-၆-၉၅၊ မွန်ပြည်သစ်ပါတီ၊ မွန်ပြည်နယ်
(၁၆) ၅-၁-၉၆၊ MTA၊ ရှမ်းပြည်နယ်
(၁၇) ၆-၄-၉၇၊ ရခိုင်ဗကပ၊ ရခိုင်ပြည်နယ်

ဖော်ပြပြီးသောအတိုင်း လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တိတိ ငြိမ်းချမ်းရေး ရယူနိုင်ကာ နိုင်ငံလုံးခြုံ၍ အေးချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းလာစေရေးအတွက် တပ်မတော်အစိုးရသည် သည်းခံမှု၊ စိတ်ရှည်မှု၊ ယုံကြည်မှု၊ ဇွဲရှိမှုတို့ဖြင့် ဦးဆောင်ခဲ့ရပုံ ပြန်ကြည့်လျှင် ၁၉၉၂ ခုနှစ် ဧပြီလ ၂၈ရက်၌ တပ်မတော်အစိုးရက ကေအင်န်ယူအား ထိုးစစ်ဆင်နေမှုကို ရပ်ဆိုင်းကြောင်း ကြေညာ၍ ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးများ တစ်ဖက်သတ် ရပ်ဆိုင်းပေးခဲ့ခြင်းဟူသော ခန္တီတရားကိုတွေ့မြင်ရ၏။

တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်၍ ငြိမ်းချမ်းရေးရယူလာနိုင်ရန် အတွင်းရေးမှူး(၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၁၉၉၃ ခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် မွန်ပြည်နယ် ရေးမြို့နှင့် သံဖြူဇရပ်မြို့များ၌လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြပဒိုင်ကျေးရွာ၌လည်းကောင်း ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံစဉ် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများအား တရားဝင်ဖိတ်ခေါ် ကမ်းလှမ်းမှုပြုခဲ့၏။ သို့ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဆွေးနွေးရန် တစ်ဖွဲ့ပြီးတစ်ဖွဲ့ တုံ့ပြန်လာကြလေတော့၏။

ယင်းရက်စွဲမတိုင်မီအထိကား ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် ဒို့တာဝန် အရေးသုံးပါးကို ယုံကြည်စွာဖြင့် အပြန်အလှန်နားလည်မှုများအရ ငြိမ်းချမ်းရေး ရယူပြီးဖြစ်လျက်ရှိ၏။ ငြိမ်းချမ်းပြီးနယ်မြေများ၌ ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ရေးစသော ဘက်စုံ၊ ကဏ္ဍစုံ အရှိန်အဟုန်မြှင့် ကြိုးပမ်းနေကြပြီဖြစ်၏။ ထို့ကြောင့်ပင် ရှမ်း(မြောက်)သည် စောစီးစွာဖွံ့ဖြိုးတိုးတက်လာ၏။ ထို့နောက် ကချင်(ပန်ဝါ)သည် ကျေးရွာအဆင့်မှခေတ်မီမြို့ပြကြီးအဆင့်သို့ တက်လှမ်းလာ၏။ ယင်းတို့၏ အလင်းဂယက်သည် အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများသို့ ရိုက်ခတ်လျက်ရှိနေရာ ယခုတစ်ဖန် နိုင်ငံတော်အစိုးရ၏ တရားဝင်ဖိတ်ခေါ် ကမ်းလှမ်းမှုက အလင်းလှိုင်းအားသစ် ဖြစ်လာလေ၏။ ယင်းအလင်းလှိုင်း အားသစ်ကြောင့် ငြိမ်းချမ်းရေးသောင်ပြင်သည် သစ်လွင်ရှန်းလက်လာလေ၏။

ထိုကာလများ၏နောက်ဝယ် ကချင်ပြည်နယ်တစ်ခုလုံး ငြိမ်းအေးသွား၏။ ရှမ်း(တောင်)၌ တောင်ကြီး ခရိုင်တစ်ခုလုံး ငြိမ်းအေးသွား၏။ ငြိမ်းအေးတည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများလည်း ဖြစ်ထွန်းလာလေ၏။ ဤအရှင်တို့ ပဝတ္တိသီတင်းသုံးရာ လွိုင်လင်ခရိုင်ကား ငြိမ်းချမ်းမှုနောက်ကျသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးစွာ လမ်းညွှန်မှုအရ နှစ်ထောင်စုနှစ်သစ် သည်မှာဘက်ကာလများ ရောက်လာမှ ဖွံ့ဖြိုးတိုးတက်မှု စပွင့်ခဲ့လေ၏။ ပြည်ထောင်စုသန္ဓေ ပင်လုံမြေကို ဂုဏ်ပြုသောအားဖြင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် လွိုင်လင်တစ်ခရိုင်လုံးကို သတ်မှတ်ပေးပြီး ပင်လုံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရ ကွန်ပျူတာကောလိပ်၊ ခုတင် ၂၀၀ အဆင့်မြင့် အထူးကုဆေးရုံကြီး၊ မြစ်ရေတင်စီမံကိန်း၊ ရေအားလျှပ်စစ်စီမံကိန်းစသော ဖွံ့ဖြိုးတိုးတက်မှု အစုစုကို တည်ဆောက်ပေးထားလေပြီ။

ယင်းတည်ဆောက်မှုများနှင့်အတူ လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့၌ ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ ရွှေတိဂုံပုံတူစေတီတော်ကြီး တည်ထားကိုးကွယ်ခြင်း၊ ထို့အတူ ဟိုမိန်းဒေသ၌လည်း တည်ထားကိုးကွယ်ခြင်း၊ မိုင်းပန်မြို့၌ တည်ထားလျက်ရှိခြင်းတို့အပြင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင် ဝင်းအတွင်း၌ ဉာဏ်တော်အမြင့် ၁၃၅ ပေရှိ ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး တည်ထားလျက်ရှိခြင်းတို့ကြောင့် ဘာသာရေး၊ သာသနာရေး ထွန်းကားပြန့်ပွားလျက်ရှိလေ၏။

ထို့မှတစ်ပါး ငြိမ်းချမ်းခေတ်သစ် တည်ဖြစ်ပေါ်ထွန်းလာကာ နယ်မြေတည်ငြိမ်အေးချမ်းလာသော နယ်စပ်ဒေသများဝယ် နိုင်ငံတော်အစိုးရ၏ စေတနာဓာတ် ဒြပ်ပုံသွင်၌ တလျှပ်လျှပ်ထင်နေသော သာသနာ့ကြန်အင်များကို ဤသို့တွေ့ရှိရ၏။

၃၁-၅-၂၀၀၃ ရက်စွဲအထိ

- စေတီပေါင်း - ၂၇ ဆူ
- ဘုန်းတော်ကြီးကျောင်းပေါင်း - ၁၉၇ ကျောင်း
- သီလရှင်စာသင်တိုက်ပေါင်း - ၁၃ တိုက်
- သာသနိကအဆောက်အအုံပေါင်း- ၂၄ ခု

ယင်းသာသနာမှု အစုစုတို့ကို အကြောင်းပြုကာ စည်သံဗြောသံ တညံညံနဘ်မိုးလုံး ရိုက်ချုန်းလောက်အောင် ဒါနကုသိုလ်စသည် ဝေစည်ပြန့်ပွားထွန်းကားလျက်ရှိရာဝယ် ပြည်နယ်အားဖြင့် ခုနစ်ပြည်နယ်၊ တိုင်းအားဖြင့် စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းနှင့် တနင်္သာရီတိုင်း နှစ်တိုင်းပါဝင်ကာ အကျုံးဝင်မြို့နယ်ပေါင်း ၆၈မြို့နယ်ရှိလျက် တိုင်းရင်းသား လူမျိုးစုအားလုံးတို့၏ ၄၆ရာခိုင်နှုန်းကျော် နေထိုင်ရာဖြစ်သည့် ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ "ဝ"ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသနှင့် နာဂဒေသဟူသော ဒေသ ၁၈ ခု၊ အကျယ်အဝန်းခန့်မှန်း ၈၃၄၁၅ ဒသမ ၃၄ စတုရန်းမိုင်အတွင်း ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါထွန်းတောက်နေပုံဖြစ်ပါသည်။

(ကိန်းဂဏန်းများကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ဖွံ့ဖြိုးဝေစည် မြန်မာပြည် (၁၉၈၈-၂၀၀၃) စာအုပ်မှရရှိ။)

ဤသည်တို့ကား မြန်မာနိုင်ငံ၌ သံဃာအများဆုံးနှင့် စာမေးပွဲအောင်ချက်အကောင်းဆုံးဖြစ်ကာ ရဟန်းသာမဏေပေါင်း ၂၇၇၈ပါး သီတင်းသုံးလျက်ရှိသည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက လှူဒါန်းသည့် စတုတ္ထအကြိမ် မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနားဝယ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်အပေါ် သုံးသပ်ရှုမြင် ကမ္ပည်းတင်ချက်များဖြစ်ရာ နိုင်ငံတော်အစိုးရ စေတနာအလှထင်ဟပ်ချက်များဟုလည်း ဆိုနိုင်ပါ၏။

ဤမျှဖြင့် သုဘာသိတ၊ ပိယ-ဓမ္မာ၊ သစ္စာဟူငြား စကားအရာ အင်္ဂါလေးတန် ပြည့်ဖြိုးလျှံလျက်ရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ စကားတစ်ခွန်းထုတ်နုတ်လျက် ဤဆောင်းပါးကို တန့်နားပါတော့မည်။ နိုင်ငံတော်အစိုးရ၏ သာသနာ့အပေါ် ထားအပ်သောစေတနာ၊ နိုင်ငံ့အပေါ် ထားအပ်သောစေတနာတို့ကို သေချာတိကျ မိမိရရခံယူကာ သာသနာသား၊ နိုင်ငံသားဟူသော သားနှစ်သားတို့ကလည်း သာသနာ့အပေါ်၊ နိုင်ငံ့အပေါ် စိမ့်ပျော်စီးဝင်သည့် ကြည်လင်လက်ဖြာစေတနာကို အခါခါဆင့်လောင်းရင်း **စေတနာကောင်းလျှင် ကံကောင်းသည်၊ ကံကောင်းလျှင် ကောင်းကျိုးထင်သည်** ဟူသည့် စေတနာမွန်မြတ် အထပ်ထပ် ထားအပ် ပွားအပ်ကြပါကုန်၏။

တပည့်တော်တို့သည် ရန်ကိုရန်ချင်း မတုံ့နှင်းဘဲ သည်းခံခြင်းတရားကို အားထားယုံကြည်လျက် ခပ်သိမ်းသောဘုရားရှင်တို့၏ ဩဝါဒအဆုံးအမတော်အတိုင်း သည်းခံခြင်းတရားလက်ကိုင်ထားကာ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်တံ့ခိုင်မြဲအောင် စိတ်ရှည်စွဲသန် သည်းညည်းခံဆောင်ရွက်လျက်ရှိတာကြောင့် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှု၊ စည်ပင်ဝပြောမှု ဖြစ်ထွန်းနေခြင်း ဖြစ်ပါကြောင်း။

(ဤဆောင်းပါး၌ မှန်ကန်သောသမိုင်းဖြစ်စဉ်များ၊ တိကျသော ကိန်းဂဏန်းများကို ထည့်သွင်းမှတ်တမ်းတင်နိုင်အောင် ဖွံ့ဖြိုးဝေစည် မြန်မာပြည် (၁၉၈၈-၂၀၀၃) စာအုပ်၊ တပ်မတော်သမိုင်းစာအုပ်များနှင့် စာအုပ်စာတမ်းများကို ပေးပို့လှူဒါန်းသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုအား ကတညုတမင်္ဂလာ ပြုအပ်ပါသတည်း။)

အိဒ်စ်ရောဂါကြုံတွေ့သူ ကြည်ဖြူစာနာလက်တွဲကူ

ဒေါက်တာမင်းသွယ်

ကမ္ဘာ့ဒေသအနှံ့အပြားတွင် ၂၀၀၄ ခုနှစ်မရောက်ခင် ယခုနှစ်ဒီဇင်ဘာလမှစ၍ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ထူးထူးခြားခြား ဆောင်ရွက်မည် ဖြစ်ပါသည်။ ဒီဇင်ဘာလ ၁ ရက်နေ့သည် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ဖြစ်ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၇ ရက်သည် ကမ္ဘာ့အေအိုင်ဒီအက် ရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှု ရက်သတ္တပတ် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားမှုသည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလအထိ စာရင်းဇယားများအရ အိပ်ချ်အိုင်ဗွီပိုး ရှိသူနှင့် အေအိုင်ဒီအက်စ်ဝေဒနာရှင် စုစုပေါင်း ၄၂ သန်းရှိပြီး ၎င်းတို့အနက် ရောဂါပိုးရှိသူနှင့် ရောဂါဖြစ်နေသူ အမျိုးသမီးပေါင်းမှာ ၁၉ ဒသမ ၂ သန်း ရှိပြီး အသက် (၁၅) နှစ်အောက်ကလေးပေါင်းမှာ ၃ ဒသမ ၂ သန်း ရှိပါသည်။ ၂၀၀၂ ခုနှစ်အတွင်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသောသူ အသစ်ပေါင်း ၅ ဒသမ ၀ သန်းရှိသည့် အနက် အမျိုးသမီးပေါင်း ၂ ဒသမ ၀ သန်းခန့်ရှိပြီး အသက်(၁၅)နှစ်အောက် ကလေးပေါင်း ၀ ဒသမ ၈ သန်း ခန့်ရှိပါသည်။ ၂၀၀၂ ခုနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၃ ဒသမ ၁ သန်းရှိပြီး အမျိုးသမီး ၁ ဒသမ ၂ သန်းနှင့် အသက် (၁၅)နှစ်အောက် ကလေး ၀ ဒသမ ၆၁ သန်းတို့ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်အတွင်း ကုလသမဂ္ဂအေအိုင်ဒီအက်စ်အဖွဲ့နှင့် ပူးပေါင်း ခန့်မှန်းတွက်ချက်မှုများ အရ အိပ်ချ်အိုင်ဗွီပိုး ရှိသူ ဦးရေ ၁၇၀၀၀၀ ကျော်ရှိမည်ဟု သိရပါသည်။

ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ကို ၁၉၈၈ ခုနှစ်မှစတင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ကာကျင်းပခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၁၆) ကြိမ်ရှိသွားပြီ ဖြစ်ပါသည်။ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကျင်းပရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အေအိုင်ဒီအက်စ်ရောဂါကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ပြည်သူလူထုမှအသိပညာ ဗဟုသုတများရရှိရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်း ပါဝင်လာစေရေးအတွက် ဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ **အိဒ်စ်ရောဂါ ကြုံတွေ့သူ ကြည်ဖြူစာနာလက်တွဲကူ** (Live and Let Live) ဖြစ်ပါသည်။ ထူးခြားချက်မှာ အခြားနှစ်များကဲ့သို့ တစ်နှစ်လျှင် ဆောင်ပုဒ်တစ်ခု ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အတွက် ဆောင်ပုဒ်တစ်မျိုးတည်းကိုသာ အသုံးပြုထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အသုံးပြုခြင်းမှာလည်း ပထမနှစ်တွင် သတ်မှတ်ထားသောဆောင်ပုဒ်ပါ အကြောင်းအရာများကို ကမ္ဘာ့ပြည်သူများ ပိုမိုသိရှိလာစေရန်နှင့် ဒုတိယနှစ်ဖြစ်သော ယခုနှစ်တွင် ဆောင်ပုဒ်၏ အဓိက ရည်ရွယ်ချက်ဖြစ်သော အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူများ၊ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသူများနှင့် မိသားစုဝင်များအပေါ်လွဲမှားသောအစွဲအလမ်းဖြင့် (Stigma) နှိမ့်ချခြင်း/ရှုတ်ချခြင်း (Discrimination) ပြုလုပ်နေမှုများကို လျော့နည်းပပျောက်စေရေးအတွက် တတ်နိုင်သလောက် လုပ်ဆောင်သွားရန်အတွက် ဖြစ်ပါသည်။

ဤနေရာတွင် ရောဂါကူးစက်ခံရသူများနှင့် မိသားစုဝင်များအပေါ် အဘယ်ကြောင့်လွဲမှားသော အစွဲအလမ်းဖြင့် နှိမ့်ချခြင်း/ရှုတ်ချခြင်း အပြုအမူများဖြစ်စေသနည်းဟု မေးရန်ရှိပါသည်။ အေအိုင်ဒီအက်စ်ရောဂါသည် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသောကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ရောဂါပိုး ကူးစက်ခံထားရသူများအဖို့ ပျောက်ကင်းအောင် ကုသနိုင်သည့် ဆေးမရှိသေး၊ မကူးစက်အောင် ကာကွယ်နိုင်သည့် ဆေးလည်းမရှိသေးပါ။ ထို့အပြင်ရောဂါလက္ခဏာပေါ်လာသောအခါတွင်လည်း ဝေဒနာကိုနာတာရှည်ပြင်းစွာ ခံစားပြီး အသက်ဆုံးရှုံးနိုင်သောကြောင့် ဤရောဂါ ကူးစက်ခံရမည်ကိုကြောက်ကြသည်။ ထို့အပြင် ရောဂါကူးစက်ရခြင်းသည်လည်း အဓိကအားဖြင့် လူ့အသိုင်းအဝိုင်းမှ လက်မခံသည့် အပြုအမူများဖြစ်သော လိင်အပျော်အပါးလိုက်စားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ဖြစ်သဖြင့် ကိုယ်တိုင်ရောဂါ ကူးစက်ခံရနေသည်အတိုင်း မိမိတို့၏ ရောဂါပိုးကူးစက်ခံထားရခြင်းကို လူသိမခံလိုကြပေ။ အထက်ပါအကြောင်းများကြောင့် မိမိတို့ကို အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရမည်ကို အထူးစိုးရိမ်ကြောက်လန့်သဖြင့် လူတစ်ဦး တစ်ယောက်တွင် အိပ်ချ်အိုင်ဗွီပိုးရှိသည်ကို သိရပါက လွဲမှားသောအစွဲအလမ်းဖြင့် နှိမ့်ချ၊ ရှုတ်ချ ဆက်ဆံခြင်းများ ပြုလုပ်တတ်ကြပါသည်။

ထိုသို့ ပြုလုပ်ခြင်းသည် ရောဂါကာကွယ်တားဆီးရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအတွက် အဓိက အတားအဆီးများဖြစ်ပေသည်။ အိပ်ချ်အိုင်ဗွီပိုးရှိသူများ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များနှင့် မိသားစုဝင်များအပေါ် လွဲမှားသောအစွဲအလမ်းဖြင့် ရှိနေပါကသူတို့ကိုနှိမ့်ချခြင်း၊ ရှုတ်ချခြင်းများ အလွယ်တကူပြုလုပ်သွားစေနိုင်ပါသည်။ ထိုအခါရောဂါပိုးရှိနိုင်သူများမှ ၎င်းတို့တွင် ပိုးရှိ၊ မရှိ မသိလိုတော့ခြင်း၊ သိပြီးသူများမှလည်း မိမိတို့တွင် အိပ်ချ်အိုင်ဗွီပိုး ရှိနေသည်ကိုလူသိမခံဝံ့ခြင်း၊ ရောဂါပိုးရှိနေသည့် အချက်ကို လက်မခံဘဲ ငြင်းဆန်ခြင်းများ ပြုလုပ်လာနိုင်ပါသည်။ ထိုအချက်က အေအိုင်ဒီအက်စ်ရောဂါကူးစက်ပြန့်ပွားမှုကို တွန်းအားပေးလေ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လူ့အသိုင်းအဝန်းမှ ဖယ်ထုတ်ခြင်းခံရသလို ဖြစ်သွားသဖြင့် ရောဂါကာကွယ် တားဆီးရေးနှင့် ပြုစုစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများနှင့် အလှမ်းဝေးသွား၍ ဖြစ်သည်။

အိပ်ချ်အိုင်ဗွီ ရောဂါပိုးသည် လူ့အသိုင်းအဝိုင်းမှ လက်မခံသည့်အပြုအမူရှိသူများတွင်သာ အများဆုံး ကူးစက်တတ်သဖြင့် လူတစ်ဦးတွင် အိပ်ချ်အိုင်ဗွီပိုးရှိလာသောအခါ ၎င်းပြုခဲ့ဖူးသည့် အပြုအမူများကိုလည်းကောင်း၊ အေအိုင်ဒီအက်စ်ဝေဒနာရှင် ဖြစ်လာပါကလည်း နာတာရှည်ရောဂါ တစ်ခုခံစားရမည်ကို စိုးရွံ့မိသဖြင့် မိမိ၏ အတိတ်ကအပြုအမူများအတွက် လည်းကောင်း၊ ရောဂါ ပိုးရှိခြင်း(သို့မဟုတ်) ရောဂါပိုးရှိနေသူ၏ မိသားစုဝင်ဖြစ်ခြင်းကြောင့် အခြားသူများက မိမိအပေါ် နှိမ့်ချဆက်ဆံခြင်း၊ လူရာမသွင်းခြင်း စသည်တို့ကို ကိုယ်တိုင်ခံစားခဲ့ရသဖြင့်လည်းကောင်း လွဲမှားသော အစွဲအလမ်းများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

မိမိကိုယ်မိမိ မကောင်းမြင်ဝါဒရှိခြင်း (Internalization)ကြောင့် အိပ်ချ်အိုင်ဗွီပိုးရှိသူ တစ်ဦးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးမထားတော့ခြင်း၊ စိတ်ပျက်အားငယ်ခြင်းများ စသည့်စိတ်ပိုင်းဆိုင်ရာ ခံစားမှုများစွာကို ဖြစ်စေနိုင်ပါသည်။

အမုန်းစင်စစ်အဆိုးမြင်ခြင်း (Prejudice)၊ လွဲမှားသော အစွဲအလမ်းရှိခြင်း (Stigma)နှင့်နှိမ့်ချ၊ ရှုတ်ချခြင်းများသည် အပြန်အလှန် သံသရာလည် ဆက်စပ်နေပြီး အဆုံးတွင် မကောင်းသောနောက်ဆက်တွဲ ဆိုးကျိုးများကိုသာဖြစ်စေနိုင်ပါသည်။ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသူ အပေါ် "၎င်းတို့ မကောင်းတာလုပ်၍ သူတို့ပြန်ခံရတာ၊ ဘုရားမကြိုက်တာလုပ်လို့ ဘုရားကဒဏ်ခတ်တာ၊ နောက်ဆုံးတော့ သေမှာပဲ ဘာမှဂရုစိုက်မနေနဲ့တော့" စသည့်အဆိုးမြင်များ ရှိနိုင်ပါသည်။ သူနဲ့ထိုက်လို့သူခံရတာပဲ "သူတို့ကို ဆေးကုသပေးနေရရင် ကျန်းမာရေးစရိတ်တွေ အရမ်းကုန်တော့မှာပဲ သူတို့တွေ သေသွားတော့လည်း လူဦးရေလျှော့သွားတာပေါ့၊" အစရှိသည့်လွဲမှားသောအစွဲအလမ်းမျိုးလည်း ရှိတတ်ပါသည်။ "သူအလုပ်ထဲမှာရှိနေရင် တခြားသူတွေ ကူးကုန်လိမ့်မယ် ထားလို့မဖြစ်ဘူး။ သူတို့အလုပ်ခန့်လို့မဖြစ်ဘူး။ သူ့မှာအိပ်ချ်အိုင်ဗွီပိုး ရှိနေတယ်၊ ဒီကလေး မိဘကအေအိုင်ဒီအက်စ်နဲ့သေတာ၊ သူ့မှာလည်းအိပ်ချ်အိုင်ဗွီပိုးရှိမှာပဲ ဒီအတိုင်းကျောင်းဆက်တက်စေရင် ကလေးတွေကူးကုန်လိမ့်မယ် သူကိုကျောင်းထုတ်မှ"စသည့်အယူအဆမျိုးကိုလည်း ကမ္ဘာ့ဒေသအနှံ့ တွေ့မြင်ခဲ့ရပြီးဖြစ်သည်။

အိပ်ချ်အိုင်ဗွီပိုး ရှိသူများကို လူ့အသိုင်းအဝိုင်းမှ ရှောင်ဖယ်ထားခြင်းသည် သူတို့တွင် ကျန်ရှိနေသေးသည့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းအားဖြင့် လူ့အသိုင်းအဝိုင်းတွင်ပါဝင် ဆောင်ရွက်စေခြင်းကို အဟန့်အတားဖြစ်စေ၏။ ထို့ထက်ပိုဆိုးသည်မှာ အပ်ချ်အိုင်ဗွီပိုး ရှိနိုင်သူများ၊ ရှိနေသူများအပေါ် လွဲမှားသော အစွဲအလမ်းဖြင့်ရှိခြင်း၊ ၎င်းတို့အား နှိမ့်ချ၊ ရှုတ်ချဆက်ဆံခြင်းများကြောင့် မိမိတွင် ရောဂါပိုး ရှိ၊မရှိ မသိလိုတော့ခြင်း၊ အခြားသူများကို ရောဂါကူးစက်စေနိုင်သည့် အပြုအမူများကို ဆက်လက်လုပ်ဆောင်နေခြင်းတို့ကို ဖြစ်စေသည်။ ထို့ကြောင့် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများအတွက် များစွာအဟန့်အတား ဖြစ်စေပါသည်။ ရောဂါပိုးရှိသူများကို မိမိကိုယ်မိမိ ဆင်ခြင်ထိန်းသိမ်းလျက် မိမိတို့မှတစ်ဆင့် ရောဂါပိုး ထပ်မံမပြန့်ပွားစေရေးအတွက် တာဝန်ယူ ဆောင်ရွက်စေရမည့်အစား ထင်ရာစိုင်းသွားစေနိုင်ပါသည်။ သို့အတွက်ကြောင့် ရောဂါပိုး ကူးစက်ခံထားရသူများအား စိတ်ဓာတ်ကျမနေဘဲ ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများတွင် လက်တွဲပါဝင် ဆောင်ရွက်လာစေရေးသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်း အောင်မြင်မှုရရှိရေးအတွက် အဓိကကျသော အချက်တစ်ရပ်ပင် ဖြစ်လာပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အဖွဲ့က ထုတ်ပြန်ထားသော စာစောင်တစ်ခုတွင် ဖော်ပြထားသည်ကို ပြန်လည်တင်ပြရလျှင် "အေအိုင်ဒီအက်စ်က လူ့ခန္ဓာကိုယ်ကိုတိုက်ခိုက်သည်။ လွဲမှားသောအစွဲအလမ်းရှိခြင်းက လူ့စိတ်ဓာတ်ကို တိုက်ခိုက်သည်။ အေအိုင်ဒီအက်စ်က ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး လွဲမှားသောအစွဲအလမ်းဖြင့်ရှိခြင်းသည် လူတို့၏ မသိကျိုးကျွန်ပြု၍ ဖြစ်ရသည်။ နှစ်ခုစလုံးက လူကိုသေစေနိုင်သည်"ဟု ဖြစ်ပါသည်။ သို့အတွက်ကြောင့်လည်း ယခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော **အိဒ်စ်ရောဂါ ကြုံတွေ့သူ ကြည်ဖြူစာနာလက်တွဲကူ** (Live and Let Live) ၏အဓိပ္ပာယ်တွင် အပိုင်းနှစ်ပိုင်း တင်ပြထားခြင်းဖြစ်ပါသည်။ ပထမအပိုင်းမှာ အိဒ်စ်ရောဂါ ကြုံတွေ့နေရသူများနှင့် သူတို့၏မိသားစုများအား အနာဂတ်ကာလတွင် ပိုမိုကောင်းမွန်စွာ နေထိုင်နိုင်ရမည်ဟု ယုံကြည်လာစေရေး၊ ကြုံတွေ့နေရသည့် လောကဓံများကို ကြံ့ကြံ့ခံရင်ဆိုင်လျက် လူ့လောကတွင် အဓိပ္ပာယ်ရှိရှိ နေထိုင်နိုင်စေရေးကို ရည်ညွှန်းပါသည်။ ဒုတိယအပိုင်းသည် ဝေဒနာရှင်များအား စာနာကြည်ဖြူစွာ ပြုစုစောင့်ရှောက်ရေး၊ မိမိတို့၏ အပြုအမူများကို ဆင်ခြင်လာနိုင်စေရေး၊ ရောဂါပိုး ကူးစက်ခံထားရသူများအား လူ့အသိုင်းအဝိုင်းနှင့် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရေး စသည့်အချက်များကို ဖော်ညွှန်းခြင်းဖြစ်ပါသည်။

ဆက်လက်၍ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးအတွက် အဓိကသော့ချက် တစ်ရပ်ဖြစ်သော **လွဲမှားသောအစွဲအလမ်းများ**နှင့် **နှိမ့်ချ/ရှုတ်ချ ဆက်ဆံခြင်း**များကို လျော့နည်းပပျောက်သွားစေရေးအတွက် ကမ္ဘာ့ပေါ်ရှိ နိုင်ငံများတွင် လုပ်ဆောင်နေသောလုပ်ငန်းရပ်အချို့ကို ထုတ်နုတ် တင်ပြလိုပါသည်။

ဤရောဂါနှင့်ပတ်သက်သည့် လွဲမှားသောအယူအဆများ၊ မမှန်ကန်သော အချက်အလက်များ ရှိနေပါက လွဲမှားသောအစွဲအလမ်းများ၊ နှိမ့်ချ/ရှုတ်ချဆက်ဆံခြင်းများ ရှိနေဦးမည်ဖြစ်သောကြောင့် ပြည်သူလူထုအား အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်နည်း၊ မကူးစက်နည်းများ၊ ကာကွယ်ခြင်းနှင့် ပြုစုကုသရေးတို့နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလှုံ့ဆော်ခြင်းသည် အရေးကြီးသော လုပ်ငန်းရပ် ဖြစ်ပါသည်။

ရောဂါပိုး ကူးစက်ခံထားရသူများ ၎င်းတို့၏မိသားစုဝင်များ အနေဖြင့်လည်း ၎င်းတို့၏ ဘဝဖြစ်စဉ်များအား အခြားသူများအား ပြောပြပညာပေးရန် လိုပါသည်။ ၎င်းတို့အနေဖြင့် ကြုံတွေ့ခဲ့ရသော၊ ကြုံတွေ့လျက်ရှိသော၊ အခက်အခဲ၊ ပြဿနာများ၊ အဆိုပါအခက်အခဲပြဿနာများကို မည်ကဲ့သို့ ကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ထိုသို့ ရင်ဆိုင်ဖြေရှင်းရာတွင် လူမှုရေးအသိုင်းအဝိုင်း၏ ကူညီပံ့ပိုးမှု အခန်းကဏ္ဍ စသည့်အချက်များကို အခြားသူများအား ရှင်းလင်းတင်ပြခြင်းဖြင့် လွဲမှားသော အစွဲအလမ်းရှိနေခြင်း၊ နှိမ့်ချ/ရှုတ်ချ ဆက်ဆံတတ်ခြင်းများ လျော့နည်းစေနိုင်ပါသည်။

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ၊ သက်တူရွယ်တူအချင်းချင်း ပညာပေးခြင်းလုပ်ငန်းများ စသည်တို့တွင် လွဲမှားသောအစွဲအလမ်းရှိခြင်းနှင့် ရှုတ်ချ/ခွဲခြား ဆက်ဆံခြင်းကိစ္စကို ထည့်သွင်းဆွေးနွေးရန်လိုပါသည်။ ထို့အပြင် ဗိုင်းရပ်စ်ပိုးသေစေသော ဆေးဝါးများ (Antiretroviral drugs)များ ရှိလာပြီဖြစ်သဖြင့် အိပ်ချ်အိုင်ဗွီပိုးရှိရုံဖြင့် ချက်ချင်းမသေနိုင်သေးပါကြောင်း ထည့်သွင်းဆွေးနွေးရန် လိုပါသည်။

ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးသည့် ဌာနများတွင်လည်း အိပ်ချ်အိုင်ဗွီပိုးရှိသူ လူနာများအား ပြုစုကုသပေးရေးနှင့်ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်များ၊ ဝန်ထမ်းများအား လိုအပ်သလို လေ့ကျင့်သင်ကြားပေးခြင်းများ၊ လုပ်ငန်းဆောင်ရွက်မှုအား ကြီးကြပ်ဆန်းစစ်ပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများအနေဖြင့်လည်း မိမိတို့စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းအလိုက် အိပ်ချ်အိုင်ဗွီပိုးရှိသူများအား လိုအပ်သလို လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နိုင်စေရေးအတွက် သင့်လျော်သည့် မူဝါဒများ ချမှတ်ကျင့်သုံးသွားပြီး လုပ်ငန်းခွင် သင်တန်းများတွင် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အကြောင်းအရာများ ထည့်သွင်းသင်ကြားခြင်း၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ဆရာဝန်များအသင်း၊ သူနာပြုများအသင်း၊ ကုန်သည်ကြီးများအသင်း စသည်တို့တွင်လည်း မိမိတို့အသင်းအဖွဲ့အလိုက် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းလက်စွဲများထားရှိခြင်း စသည်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှု၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများတွင် အရေးကြီးသောအချက်တစ်ရပ်ဖြစ်သည့် လွဲမှားသော အစွဲအလမ်းနှင့် နှိမ့်ချ/ရှုတ်ချခြင်း လျော့နည်းပပျောက်စေရေးကို ဦးတည်၍ ပြည်သူလူထုနှင့် သတ်မှတ်လူအုပ်စုများအတွက် ကျန်းမာရေးပညာပေးခြင်းကို အထူးဇောက်ချ လုပ်ကိုင်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန တစ်ခုသာမကဘဲ အခြားနီးနွှယ်နေသည့် ဝန်ကြီးဌာနများဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန စသည်တို့ဖြင့်လည်းကောင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ များစွာအောင်မြင်မှုရခဲ့ပါသည်။ သိသာထင်ရှားသော အောင်မြင်မှုတစ်ခုကို တင်ပြရမည်ဆိုလျှင် ပြီးခဲ့သည့် နိုဝင်ဘာလ ၃ ရက်မှ ၁၂ရက်အတွင်း ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့အကြို တပ်မတော်ခန်းမမှာ ပြသခဲ့သည့် ပထမအကြိမ် ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှု ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့ တက်ရောက်ချီးမြှင့်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါပြပွဲတွင် အထက်ဖော်ပြပါဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနများနှင့် ဆေးကုမ္ပဏီများက ပါဝင်ပြသခဲ့ပြီး အသက်အရွယ်အလိုက် ကြည့်ရှုနိုင်သည့် ပြကွက်များ၊ ပညာပေးစာခေါက်၊ စာအုပ်၊ ရုပ်ပုံ၊ ပိုစတာ၊ ဓာတ်ပုံ၊ ရုပ်ကြွများ၊ ကွန်ပျူတာဉာဏ်စမ်းပဟေဠိများ၊ ကစားကွက်များ၊ ဗွီဒီယိုစသည်တို့ဖြင့် ခင်းကျင်းပြရာ ကျောင်းသား၊ကျောင်းသူများနှင့် ပြည်သူလူထု စုစုပေါင်း ဦးရေ ၈၀၀၀၀ တစ်ခဲနက် လာရောက်ကြည့်ရှုခဲ့ပါသည်။

အခြား လွဲမှားသောအစွဲအလမ်းများနှင့် နှိမ့်ချ/ ရှုတ်ချ ဆက်ဆံခြင်း လျော့နည်းစေရေး လုပ်ဆောင်ချက်များကိုလည်း ပြည်သူအခြေပြု ပညာပေးလုပ်ငန်းများနှင့် သက်တူရွယ်တူ အချင်းချင်း ပညာပေးခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်း အဆင့်ဆင့်အား သင်တန်းပေးခြင်းနှင့် လိုအပ်သလို ကြီးကြပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ နီးနွှယ်နေသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်အနေဖြင့် လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပြန့်ပွားမှု ကာကွယ်ရေး လုပ်ငန်းများ၊ မူးယစ်ဆေးသုံးစွဲမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေးလုပ်ငန်းများ၊ မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေးလုပ်ငန်းများ၊ ပိုးမွှားကင်းစင်သော သွေးရရှိရေးလုပ်ငန်းများ၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူခြင်းနှင့် မိမိဆန္ဒအလျောက် သွေးစစ်ဆေးမှုခံယူခြင်းလုပ်ငန်းများ၊ ဝေဒနာရှင်များအားဆေးဝါးကုသပေးခြင်းများ၊ အိမ်တွင်ပြုစု ကုသပေးခြင်းလုပ်ငန်းများ၊ အထူးစီမံချက်လုပ်ငန်းများနှင့် လုပ်ငန်းဆန်းစစ်လေ့လာခြင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှု လေ့လာခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

ထို့အပြင် ယခုနှစ်အတွက် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့တွင် ဒီဇင်ဘာလ ၁ ရက်နေ့၌ ကျင်းပမည်ဖြစ်ပါသည်။ အလားတူ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနားများကို ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနများ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး အဖွဲ့များကလည်း ကျင်းပကြမည်ဖြစ်ပါသည်။

နီးနွှယ်နေသော ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော စေတနာရှင်အဖွဲ့အစည်းများကလည်း ကျင်းပကြမည် ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကျင်းပရာတွင် ဤရောဂါဖြင့် သေဆုံးသွားသူများအား စာနာထောက်ထားမှုပြခြင်း၊ ရောဂါပိုး ကူးစက်ခံထားရသူများအား ကူညီ ပံ့ပိုးမှုများပေးခြင်း၊ ရောဂါဝေဒနာ ခံစားနေရသူများအား ပြုစုစောင့်ရှောက်ပေးခြင်း၊ ကာကွယ်ရေးဆိုင်ရာ အသိပညာများပေးခြင်း၊ ကိုယ့်ကိုယ်ကိုယ်နှင့် မိသားစုအား ကာကွယ်ရေး၊ မိမိရပ်ရွာအား ကာကွယ်ရေးစသည်တို့ကို ဆွေးနွေးပြောဆို၊ ဟောပြော သီဆို၊ ကခုန်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။

အမှန်စင်စစ် ခုခံကျ/ကာလသားရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများသည် တစ်ရက်တည်း၊ တစ်ပတ်တည်း၊ တစ်လတည်း ပြုလုပ်ရမှာမဟုတ်ဘဲ တစ်နှစ်ပတ်လုံး ပြုလုပ်ရမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်း မိမိကိုယ်ကို ကာကွယ်ရန်လိုပါသည်။ မိမိမိသားစုကို ကာကွယ်ရန်လည်း လိုပါသည်။ မိသားစုတိုင်း၊ မိသားစုတိုင်း ကာကွယ်နိုင်လျှင် တစ်နိုင်ငံလုံး ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်းတိုင်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် မာတိမီဒီယာစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☆ မြန်မာနိုင်ငံပညာရေးကော်မတီမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ထူးချွန်ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော မောင်စိုင်းအောင်ဘိုနှင့် မချစ်စုထွေးအောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်နှင့် မာတိမီဒီယာ စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်နှင့် မာတိမီဒီယာ စာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Video System Room၊ Language Lab၊ Computer Aided Instruction Room၊ Computer Application Room၊ Study Room တို့ကို လှည့်လည်၍ ကျောင်း သား ကျောင်းသူများ လေ့ကျင့် သင်ကြားနေမှုကို ကြည့်ရှုအားပေး စစ်ဆေးကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဖွဲ့ဝင်များသည် အိမ်တွင်းမှုနှင့် စက်မှုလက်မှုခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အနုပညာခန်း၌ ကျောင်းသား ကျောင်းသူများ၏ အနုပညာစွမ်းရည် ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအစီအစဉ်

ဆက်လက်၍ အင်းတိုင်အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် မာတိမီဒီယာစာသင်ခန်းများဖွင့်ပွဲ အစီအစဉ်ကိုကျောင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ရွှေညွန့်က အင်းတိုင်အခြေခံပညာအထက်တန်းကျောင်း၌ မာတိမီဒီယာစာသင်ခန်းများ ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် တပ်ဆင်ထားသောခေတ်မီ သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှရွှေဝင်းက အင်းတိုင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် မာတိမီဒီယာစာသင်ခန်းများကို နိုင်ငံတော်အစိုးရ၏ မတည်ခွင့်ပြုငွေ၊ အင်းတိုင်တပ်နယ်၊ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိစစ်သည်များ၏ အလှူငွေနှင့် လုပ်အားအပါအဝင် စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှုတို့ဖြင့်စုပေါင်းတည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး လှရွှေဝင်းက ငွေ ၈၀၄၇၇၄၆၇ကျပ် တန်ဖိုးရှိအလျားပေ ၂၀၀၊ အနံပေ၃၀ရှိ သံကူကွန်ကရစ်နှစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအေးကြူအား လွှဲပြောင်းပေးအပ်သည်။

ပေးအပ်

ထို့နောက် အင်းတိုင် အခြေခံပညာ အထက်တန်းကျောင်းအတွက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသော ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံနှင့် သင်ထောက်ကူ ဗီဒီယိုအခွေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ယင်းနောက် အင်းတိုင်အခြေခံပညာ အထက်တန်းကျောင်းအတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုက ငွေကျပ်လေးသိန်း၊ အမှတ်(၁၁)ခြေမြန်တပ်မ ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း၊တပ်ဖွဲ့များက ငွေ ၂၀၀၀၆၉ကျပ်၊ အင်းတိုင်တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များက ငွေကျပ်သုံးသိန်း၊ လှည်းကူးမြို့နယ် ဌာနဆိုင်ရာက ငွေကျပ်ငါးသိန်း၊ ဘိုလတ် အထွေထွေကုမ္ပဏီလီမိတက်က ငွေ၂၀၉၈၂၀၅ကျပ်၊ ဟိန်းရဲစိုးစက်မှုလုပ်ငန်းလီမိတက်က ငွေကျပ်ငါးသိန်း၊ WS လိပ်သဲကျောက်ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဦးဝင်းကိုကိုမိသားစုက ငွေကျပ်ငါးသိန်း၊ ဆင်ဖြူတော် ရေတ်ဖိုလုပ်ငန်းမှလုပ်ငန်းရှင်များက ငွေကျပ် ၂၀၀၀၀၀၊ ဘုတ်ဆုံမ ရေတ်ဖိုလုပ်ငန်းမှ လုပ်ငန်းရှင်များက ငွေကျပ် ၂၀၀၀၀၀၊ Imperial Jade သောက်ရေသန့်လုပ်ငန်းက ငွေကျပ် ၁၂၅၀၀၀၊ ဒေါ်မူ၊ ဦးထွန်းဝေ၊ကိုသာပု ရေတ်ဖိုလုပ်ငန်းမှ လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်း၊ ကျောင်း မိဘဆရာအသင်းက ငွေကျပ် ၁၆၃၀၀၀၊ ကြံတိုင်းအောင် ဆန်စက်ပိုင်ရှင် ဦးမြဝင်းမိသားစုကငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် ဝန်ကြီးများက လက်ခံကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အင်းတိုင်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် မာတိမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာ၌ ယနေ့ အချိန်အခါတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် ချမှတ်ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ လူနေမှုဘဝတိုးတက်မြင့်မားရေး အခြေခံကောင်းများ ဖြစ်ထွန်းနေရန် လိုအပ်မှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအခြေခံကောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ခေတ်မီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားကြမည့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိရာ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် အမျိုးသားပညာရည်မြင့်မားရေး အစီအမံများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် ကျေးလက်နေပြည်သူများ ပညာရေးအဆင့်မြင့်တင်ရေး လုပ်ငန်းစဉ်တစ်ရပ်ကို ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ စာမတတ်မှုပပျောက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးနေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးစီမံချက်ဖြင့်လည်း နိုင်ငံတော် အစိုးရနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ကျေးလက်လူငယ်၊ လူရွယ်များ ပညာရေးအဆင့်မြင့်တင်ရေးအတွက် လိုအပ်သည့်နေရာများတွင် အခြေခံ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြင့်တင်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ၊ ဆရာမများ ခန့်ထားပေးခြင်းတို့ဖြင့် ကျေးလက်နေ လူငယ်၊ လူရွယ်များ အခြေခံပညာ စဉ်ဆက်မပြတ် သင်ယူနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် အခြေခံပညာပြီးဆုံးပါကလည်း အဆင့်မြင့်ပညာရပ်များ ဆက်လက် ဆည်းပူးသင်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်းဖြင့် တက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးပြီး မိမိဒေသအတွင်း၌ပင် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး အခွင့်အလမ်းများကိုပါ ဆက်လက်ဆောင်ရွက်ပေးထားလျက်ရှိကြောင်း။

ရလဒ်ကောင်း

ယနေ့ ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်ကြီးမှာလည်း နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူများနှင့် တပ်နယ်မိသားစုများ၏ ပူးပေါင်းအကောင်အထည်ဖော်မှုကြောင့်ဖြစ်ထွန်းလာသည့် ရလဒ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤကျောင်းတော်ကြီးမှ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရေးအတွက် ဆရာ၊ ဆရာမများ၊မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)



ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် ကျေးလက်နေပြည်သူများ ပညာရေးအဆင့်မြှင့်တင်ရေး လုပ်ငန်းစဉ်တစ်ရပ်ကို ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ စာမတတ်မှုပပျောက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးနေသကဲ့သို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးစီမံချက်ဖြင့်လည်း နိုင်ငံတော် အစိုးရနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ကျေးလက်လူငယ်၊ လူရွယ်များ ပညာရေးအဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည့်နေရာများတွင် အခြေခံ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ၊ ဆရာမများ ခန့်ထားပေးခြင်းတို့ဖြင့် ကျေးလက်နေ လူငယ်၊ လူရွယ်များ အခြေခံပညာ စဉ်ဆက်မပြတ် သင်ယူနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် အခြေခံပညာပြီးဆုံးပါကလည်း အဆင့်မြင့်ပညာရပ်များ ဆက်လက် ဆည်းပူးသင်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်းဖြင့် တက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးပြီး မိမိဒေသအတွင်း၌ပင် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး အခွင့်အလမ်းများကိုပါ ဆက်လက်ဆောင်ရွက်ပေးထားလျက်ရှိကြောင်း။

ရလဒ်ကောင်း

ယနေ့ ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်ကြီးမှာလည်း နိုင်ငံတော်အစိုးရ၊ စေတနာရှင်ပြည်သူများနှင့် တပ်နယ်မိသားစုများ၏ ပူးပေါင်းအကောင်အထည်ဖော်မှုကြောင့်ဖြစ်ထွန်းလာသည့် ရလဒ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤကျောင်းတော်ကြီးမှ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရေးအတွက် ဆရာ၊ ဆရာမများ၊မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဆက်လက် ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

➩ ရှေ့ဖုံးမှ

Electrical Parts for Automoble စီမံကိန်းလုပ်ငန်းများ၊ လက်ရှိစီမံကိန်းများ အဆင့်မြှင့်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တီထွင်စမ်းသပ်မှုများတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က တီထွင်ထုတ်လုပ်နေသည့် Junior CNC Lathe Machine နှင့် ယင်း၏စက်စွမ်းအား၊ Degital Read Out Milling Machine နှင့်စက်၏စွမ်းဆောင်ရည်၊ Resistance Spot Welding Machine နှင့်စွမ်းဆောင်ရည်၊ လမ်းကြိတ်စက်စမ်းသပ်ထုတ်လုပ်မှု၊ ခြောက်လက်မ အဝိစိတွင်း ပေ ၁၅၀၀အနက်တူးနိုင်သော စက်တည်ဆောက်ရန် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက အင်းတကော်စက်မှုနယ်မြေရှိ ဆောင်ရွက်ပြီးလုပ်ငန်းများဖြစ်သည့် Radiator Plant၊ Disc Wheel Plant၊ Metal Bearing Plant၊ Inlet & Exhaust Valve Plant၊ Foundry၊ Electric Sub-Station လုပ်ငန်းစီမံကိန်းများအခြေအနေ၊ စက်များရောက်ရှိတပ်ဆင်မှု စမ်းသပ်လည်ပတ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်တွန်းထွန်စက်အင်ဂျင်

ယင်းနောက် မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးတင့်က လက်တွန်းထွန်စက် အင်ဂျင် စက်ရုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ တစ်လလျှင်မြင်းကောင်ရေ(၁၈)ကောင် အားရှိ လက်တွန်းထွန်စက်အင်ဂျင်အလုံး ၂၅၀နှင့် တစ်နှစ်လျှင်လက်တွန်းထွန်စက်အစီး ၃၀၀၀ထုတ်လုပ်သွားရန် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်း

ဆက်လက်၍ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် လိုအပ်သောအလူမီနီယံဝါယာကြိုးများ ထုတ်လုပ်နေမှု၊ လျှပ်စစ်မီတာထုတ်လုပ်မှု၊ စက်စွမ်းအားအခြေအနေ၊ ပြည်ပသွင်းကုန်အစားထိုး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းလိုအပ်ချက်အတွက် အလူမီနီယံဝါယာကြိုးများ ဖြည့်ဆည်းပေးမှု၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် အိမ်သုံးနှင့် စက်မှုလုပ်ငန်းသုံး လျှပ်စစ်မီတာများ ထုတ်လုပ်မှု၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ကျိုင်းတောင်းရေအားလျှပ်စစ်လုပ်ငန်းအတွက် 66 KV ဓာတ်အားလိုင်း Aluminium Wire နှင့် Steel Wire များ ထုတ်လုပ်ပေးမည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက အင်းတကော်စက်မှုနယ်မြေ၌ စက်ရုံအလုပ်ရုံများတည်ဆောက်ခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်းတို့ကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်မှု၊ အင်းတကော်စက်မှုနယ်မြေ စက်ရုံ၊အလုပ်ရုံများ ရေရရှိရေးလုပ်ငန်း၊ စက်မှုနယ်မြေစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ကြံဆသုတေသနပြုမှု လုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ ပြည်ပမှတင်သွင်းနေရသည့် သွင်းကုန်အစားထိုး စက်ကိရိယာများနှင့် အမယ်များတိုးမြှင့်ထုတ်လုပ်ရေး၊ စက်ရုံမှ စမ်းသပ်ထုတ်လုပ်သည့် အရည်အသွေးမီအဆင့်မြင့်စက်နှင့် စက်ပစ္စည်းများကို စက်မှုဇုန်များသို့ ဖြန့်ဝေပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အင်းတကော်စက်မှုနယ်မြေရှိ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လက်တွန်းထွန်စက်အင်ဂျင်စက်ရုံသို့ရောက်ရှိကြပြီး စက်ရုံမှထုတ်လုပ်ထားသော စက်ပစ္စည်းအစိတ်အပိုင်းများ၊ မြင်းကောင်ရေ(၁၅)ကောင်အားရှိ ဒီဇယ်အင်ဂျင်လက်တွန်းထွန်စက်များ၊ လေဘီးထွန်စက်နှင့် ထော်လာဂျီတို့ကိုလည်းကောင်း၊ စက်ရုံအတွင်းလှည့်လည်၍ အင်ဂျင်ဘလောက်လုပ်ငန်း၊ ဂီယာအဖုံး ထုတ်လုပ်သည့်လုပ်ငန်း၊ အင်ဂျင်တုံးလုပ်ငန်း၊ ကရိုင်းရှပ်လုပ်ငန်း၊ ဂီယာဘောက်လုပ်ငန်း၊ ဂီယာသွားများ ထုတ်လုပ်မှုလုပ်ငန်းနှင့် တပ်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းပြသကြသည်။

ယင်းနောက် မာရှိန်ပြောင်းအလုပ်ရုံ (Heat Treatmest Shop) သို့ သွားရောက်၍ လုပ်ငန်းသုံး သံထည်စက်ပစ္စည်းအစိတ်အပိုင်း များကို လိုအပ်သည့် မာကျောမှုရရှိအောင် အပူပေးပြုပြင်သည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံပုံထောင်းအလုပ်ရုံ (Forging Shop) သို့ ရောက်ရှိကြပြီး သံကိုအပူပေး၍ လိုအပ်သည့် ပုံသွင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သံရည်ကျိုအလုပ်ရုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ အလုပ်ရုံမှ ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ ခင်းကျင်းပြသထားမှုများကိုလည်းကောင်း၊လုပ်ငန်းခွင်အတွင်းသံရည်ကျိုပုံလောင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘောဘယ်ယာရင်အလုပ်ရုံ (Ball Bearing Plant) သို့ ရောက်ရှိ၍ အလုပ်ရုံအတွင်း ခင်းကျင်းပြသထားသော အလုပ်ရုံမှထုတ်လုပ်သည့် ဘောဘယ်ယာရင် အရွယ်အစားအမျိုးမျိုးကိုလည်းကောင်း၊ လုပ်ငန်းခွင်၌ ဘောဘယ်ယာရင် ထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဝါယာကြိုးစက်ရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အလူမီနီယံဝါယာကြိုးစက်ရုံ (Acsr Plant) သို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်သော အလူမီနီယံဝါယာကြိုးအရွယ်အစားအမျိုးမျိုးနှင့် လုပ်ငန်းခွင် အတွင်း နန်းဆွဲလုပ်ငန်း၊ ကြိုးကျစ်လုပ်ငန်း၊ အရည်ကျိုလုပ်ငန်း၊ ပုံသွန်းလောင်းခြင်းလုပ်ငန်းနှင့် စက်ရုံ၌ တပ်ဆင်ထားသောစက်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အင်းတကော်စက်မှုနယ်မြေစီမံကိန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ အင်းတကော်စက်မှုနယ်မြေစီမံကိန်း စက်ရုံအလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကြပြီး စီမံကိန်းလုပ်ငန်းခွင်မှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

တရားစီရင်ရေးလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေသည် တိုင်းတရားရုံးမှ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများအားလုံးနှင့် တွေ့ဆုံကာ တရားစီရင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ တရားရုံးချုပ်မွှာရုံ၌ ကျင်းပသည်။

တိုင်းတရားသူကြီးက တိုင်းတရားရုံးနှင့် တိုင်းအတွင်းရှိ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စများ၊ ဝန်ထမ်းရေးရာကိစ္စများ၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ထိရောက်ပြစ်ဒဏ်ချမှတ်ရေးနှင့် တရားရုံးချုပ်၏ ညွှန်ကြားချက်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးမှာကြားသည်။

(အောက်ပုံ) (က-ပ)

အင်းတိုင်အခြေခံပညာအထက်တန်း ကျောင်းဆောင်သစ်

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အင်းတိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးမှုဆိုင်ရာ စာရင်းများ စိစစ်တည်းဖြတ်ခြင်းလုပ်ငန်း သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးမှုဆိုင်ရာ စာရင်းများ စိစစ်တည်းဖြတ်ခြင်း လုပ်ငန်းအတွက် စာရင်းကောက်ယူရရှိသည့် တောင်သူလယ်သမားများ၏ မေးခွန်းလွှာများအပေါ် ဖြေကြားချက်များကို လူအင်အားဖြင့် စိစစ်တည်းဖြတ်ခြင်း လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးရဲဖုန်းဖြင့်၊ စီမံကိန်းဒါရိုက်တာ ဦးဝင်းထွန်းနီနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများတက်ရောက်ကြပြီးသင်တန်းသားများအဖြစ် ဒုတိယပြည်နယ်/တိုင်း မြေစာရင်းဦးစီးဌာနမှူးများနှင့် ဦးစီးအရာရှိများ စုစုပေါင်း ၇၀ ဦး တက်ရောက်ကြသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၁၂-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ မေ္ဓာဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ သင်ပုန်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၀ ၆။ အကပဒေသာ
- ၅:၂၅ ၇။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၅:၃၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ ဖဲကြိုးနီလေး [ဒါရိုက်တာ-လှငွေးအောင်]
- ၇:၃၅ ၁၆။ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ တေးများ
- ၇:၄၅ ၁၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာဟူသည်" (အပိုင်း-၁၅)**
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် **နိဗ္ဗာန်အကျိုးမျှော်၍** အသိပေးနှိုးဆော်အပ်ပါသည်။

သားငါးဖွံ့ဖြိုး၊ ပြည်အကျိုး



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ General Wu Quanxuနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (Chinese People's Liberation Army- CPLA) **မှ** Deputy Chief of General Staff, General Wu Quanxu **ခေါင်းဆောင်သောအဖွဲ့ဝင်များအား ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံတရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Li Jinjun နှင့် စစ်သံမှူး Senior Colonel Xu Shulaiတို့လည်း တက်ရောက်သည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu **ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (အပေါ်ပုံ)

အဆိုပါ ဂုဏ်ပြု ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu နှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် စစ်သံမှူး Senior Colonel Xu Shulaiတို့လည်း တက်ရောက်ကြသည်။ ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu တို့သည် ချစ်ကြည်ရေးခရီးစဉ် အထိမ်းအမှတ် လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

(သတင်းစဉ်)

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီ-မင်းတပ်-ပခုက္ကူ မော်တော်ယာဉ်လိုင်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီ-မင်းတပ်-ပခုက္ကူ မော်တော်ယာဉ်လိုင်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး လိုင်းပြေးဆွဲမည့် မော်တော်ယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၃၀

ချင်းပြည်နယ် မင်းတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၈ရက် နံနက် ၇နာရီခွဲတွင် မင်းတပ်မြို့ ဘဝသစ်ရပ်ကွက် မြို့မအားကစားကွင်းရှေ့၌ ကျင်းပသည့် မတူပီ-မင်းတပ်-ပခုက္ကူ မော်တော်ယာဉ်လိုင်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦး၊ မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ မော်တော်ယာဉ်လိုင်း ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက ဖဲကြိုးဖြတ်၍ မတူပီ-မင်းတပ်-ပခုက္ကူမော်တော်ယာဉ်လိုင်းများကို ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က လိုင်းပြေးဆွဲမည့် မော်တော်ယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် မတူပီ-မင်းတပ်-ပခုက္ကူခရီးစဉ် ပြေးဆွဲမည့်မော်တော်ယာဉ်များသည် ခရီးသည်များနှင့် ကုန်စည်များတင်ဆောင်ကာ စတင်ထွက်ခွာကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ယာဉ်လိုင်းများမှာ နတ်မတောင်ယာဉ်လိုင်းအသင်းနှင့် ရွှေခြံသင့်ယာဉ်လိုင်းအသင်းတို့ဖြစ်ကြပြီး မတူပီ-မင်းတပ်-ပခုက္ကူခရီးစဉ်ကို အသွားအပြန် ပြေးဆွဲကြမည်ဖြစ်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်အခြေခံစက်မှု လုပ်ငန်းများစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ်(၁) အထပ်သားစက်ရုံ၊ လှိုင်မြို့နယ်ရှိ အမှတ်(၂) အထပ်သား စက်ရုံနှင့် ရန်ကုန်ဝုဒ် သစ်အခြေခံစက်မှုလုပ်ငန်း၊ ရွှေပြည်သာမြို့နယ်ရှိ စကင်န်ရှားသစ်အခြေခံစက်မှုလုပ်ငန်းတို့သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် အဖွဲ့ဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃၀

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို အဖွဲ့လေးဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေး ကြပ်မတ်ပေးကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဝိုးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၂-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ်(ဒဿနိကဗေဒ) (ခ) ဒုတိယနှစ်(အရှေ့တိုင်းပညာ)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၆:၃၀	၁၅။ မိုးလေဝသသတင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀	၁၇။ မြန်မာ့လက်သီး
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ညီအစ်မလေးဖော်" (အပိုင်း-၂)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှမနစ်စေချင်" (ကျော်ရဲအောင်၊ ဆုပန်ထွာ) (ဒါရိုက်တာသက်တင်)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အိမ်အလှဆင် မီးခံ ကျောက်ပြားများရောင်းချ

ရန်ကုန် နိုဝင်ဘာ ၃၀

တိုးဝါအလူမီနီယံနှင့် အိမ်အလှဆင်လုပ်ငန်းမှ ကမ္ဘာလုံးတံဆိပ် မီး၊ ရေဒဏ်တာရှည်ခံဆောက်လုပ်ရေး ဘုတ်ပြားများကို သုံးစွဲသူများအတွက် အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။ ကမ္ဘာလုံးတံဆိပ် မီးခံပြားသည် မီးအပူရှိန် ၈၀၀ ဒီဂရီ စင်တီဂရိတ်ထိ ခံနိုင်ပြီး ရေစိမ်ခံ၍ အချိန်ကြာမြင့်စွာ အကြိမ်ကြိမ် သုံးနိုင်ကြောင်း၊ မျက်နှာပြင် ဒီဇိုင်းအစုံမှာယူနိုင်ကြောင်း၊ မှန်၊ အလူမီနီယံ၊ မျက်နှာကြက်၊ ကောနစ်၊ စတိုင်း လက်စတီး၊ သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ Wall Paper၊ ပါကေးခင်းခြင်း၊ ဆေးသုတ်ခြင်းများကိုလည်း တိုးဝါအိမ်အလှဆင်လုပ်ငန်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အသေးစိတ် သိလိုပါက အမှတ်(၂၀၉) ရွှေဂုံတိုင်လမ်း မီးပွိုင့်အနီး ဗဟန်းမြို့နယ် ဖုန်း-၀၉၈၀-၂၄၄၆၁၊ ၀၉၅၀၀-၂၇၈၃၊ ၀၉၅၀-၁၂၉၃၆၊ ၀၁-၅၅၈၀၇၇ နှင့် ၇၀၄၁၆၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။(က-ပ)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

(၁-၁၂-၂၀၀၃)

World AIDS Day

အိုင်ဒ်စ်ရောဂါ ကြုံတွေ့သူ၊ ကြည်ဖြူစာနာ လက်တွဲကူ

Live and Let Live

ကျန်းမာရေးဝန်ကြီးဌာန



လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိနေသည်။

တိုးတက်လာသော လူဦးရေနှင့် ဖွံ့ဖြိုးဖြစ်ထွန်းလာသည့် စက်မှုလုပ်ငန်းများကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရသည်။

၁၉၈၈ ခုနှစ်မတိုင်မီက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ၅၈၈ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ယခုအခါ မဂ္ဂါဝပ် ၁၂၀၀ ကျော် ထုတ်လုပ်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပိုမိုဖြည့်ဆည်းပေးနိုင်ရန် တိုးချဲ့ဆောင်ရွက်လျက်ရှိနေရာ ၂၀၀၅-၂၀၀၆ ခုနှစ်၌ လျှပ်စစ် မဂ္ဂါဝပ် ၂၀၀၀ ထိ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး မြစ်ကြောင်းပိတ် ရေလှောင်တမံဖြစ်သည့် ရဲရွာဘက်စုံစီမံကိန်း*(အပေါ်ဝဲပုံ)*မှ တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်နိုင်မည်။ နမ့်ခမ်းမြို့အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာတွင် အကောင်အထည်ဖော်နေသည့် ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း၌ အဓိကရေအားယူရန် ကွန်ကရစ်တမံပိတ်မည့် ရွှေလီမြစ်ကျဉ်းနေရာ*(ဝဲပုံ)*၊ လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေဖြန့်ဝေမည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တတိယဆင့် ရေပိုလွှဲလုပ်ငန်း *(အပေါ်ယာပုံ)* နှင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ဖြန့်ဖြူးမည့် တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်မြင်ကွင်း။ *(အောက်ပုံ)*



● ဗိုလ်ချုပ်ကြီး သူရရွှေမန်းမှ

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun၊ စစ်သံမှူး Senior Colonel Xu Shulai နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမဆောင်မှ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General Wu Quanxu ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အတူ မွန်းလွဲ ၁နာရီမိနစ် ၂၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တပ်မတော်ဧည့်ဂေဟာသို့ အထူးမော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဘိန်းအစားထိုး အုတ်စက်ရုံတည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး လားရှိုး-သိန္နီ-မူဆယ်လမ်း စိုစိုပြည်ပြည် စက်အုတ်လုပ်ငန်း စက်အုတ်စက်ရုံနှင့် အုတ်ဖိုတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ လားရှိုး-သိန္နီ-မူဆယ် လမ်းပေါ်ရှိ စိုစိုပြည်ပြည် စက်အုတ်လုပ်ငန်း စက်အုတ်စက်ရုံနှင့် အုတ်ဖိုတည်ဆောက်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စိုစိုပြည်ပြည် စက်အုတ်လုပ်ငန်းမှ တာဝန်ခံ ဦးအိုက်ဆာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စိုစိုပြည်ပြည် စက်အုတ်လုပ်ငန်းဝင်း အတွင်း၌ မြေနယ်စက်၊ မြေကြိတ်စက်၊ မြေသယ်စင်၊ မြေမွှေစက်၊ အုတ်ဖြတ်စက်များ တည်ဆောက် တပ်ဆင်မည့်နေရာနှင့် စက်ကိရိယာများကိုလည်းကောင်း၊ အုတ်ဖိုအဆောက်အအုံ တည်ဆောက်နေမှုကို လည်းကောင်း ရှင်းလင်းပြသကြသည်။

ဆက်လက်၍ စက်အုတ်လုပ်ငန်း တာဝန်ခံ ဦးအိုက်ဆာက အုတ်ဖို အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ထားသည့်အခြေအနေ၊ အုတ်လုပ်ငန်း၏လုပ်ငန်းစဉ်အဆင့်ဆင့်၊ အုတ်ဖို အဆောက်အအုံတွင် အုတ် ၆၀၀၀၀ ဆံ့ အခန်းပေါင်း ၂၄ ခန်း ပါဝင်မှုနှင့် တစ်နေ့လျှင် အုတ်လုံးရေ ၆၀၀၀၀ ထွက်ရှိနိုင်မည့် အခြေအနေ၊ ယင်းအုတ်လုပ်ငန်းသည် ဘိန်းအစားထိုး ထုတ်ကုန် ထုတ်လုပ်မှုအဖြစ် စီးပွားဖြစ် ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စက်အုတ်များကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရေး၊ ဘိန်းအစားထိုး ထုတ်ကုန်ထုတ်လုပ်မှု လုပ်ငန်းအဖြစ် နမူနာပြ စီးပွားဖြစ်ထုတ်လုပ်သွားရေး၊ အုတ်ဖို အဆောက်အအုံ အပါအဝင် အဆောက်အအုံများကို သေသပ်လှပစွာ ဆောက်လုပ်သွားရေး၊ မိုးတွင်းကာလအတွက် ရေစီးရေလာ ကောင်းမွန်အောင် ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်ထားရှိရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဆောင်းသီးနှံ နေကြာ၊ မြေပဲသီးညှပ် စံပြစိုက်ခင်းဖြစ်သည့် ကုန်းမြင့်(၁) စံပြ စိုက်ခင်းသို့ ရောက်ရှိကြရာရှင်းလင်း ဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ကုန်းမြင့်(၁) စံပြစိုက်ခင်းကို မူလက ကုန်းမြင့် မြေယာဖော်ထုတ်ရေး စီမံကိန်းအရ ဧက ၁၀၀၀ ဖော်ထုတ်ခဲ့ပြီး စံပြ သစ်ဆိမ့်ခင်းများ တည်ထောင်ရန် ရည်မှန်းဆောင်ရွက်ခဲ့မှု၊ ယခုအခါ နှစ်ရှည်သီးနှံအဖြစ် သစ်ဆိမ့်နှင့် ကော်ဖီ၊ ရာသီသီးနှံအဖြစ် အထူးအထွက်တိုး စပါး မျိုးစပ် (၂)နှင့် (၃) စပါးများ၊ အထူးအထွက်တိုး စပါးမျိုးစမ်းသပ်စိုက်ခြင်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ မက္ကာဒေးမီးယားနှင့် နေကြာတို့ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ကုန်းမြင့်(၁) စံပြစိုက်ခင်း၌ မြေပဲသီးနှံ နှစ်မျိုးတို့ကို ၈၅ဧက စိုက်ပျိုးမှုနှင့် ထွက်ရှိနိုင်မည့် အခြေအနေ၊ နေကြာနှင့်ပဲပုပ် (စီပီအက်-၂)ကို ဧက ၁၀၀ စိုက်ပျိုးထားရှိမှု၊ အထူးအထွက်တိုးစပါး (F-၂)ကို ဧက ၄၀စိုက်ပျိုးထားရှိမှု၊ တောင်ယာစပါး စိုက်ပျိုးထားရှိမှု၊ ဆောင်းဂျုံသီးနှံ စမ်းသပ်စိုက်ပျိုးမှုနှင့် သစ်ဆိမ့်၊ ဂျုံ၊နေကြာ စံပြစိုက်ခင်းများကို သီးညှပ်အဖြစ် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ကုန်းမြင့်(၁) စံပြ စိုက်ခင်းအတွင်းရှိ သစ်ဆိမ့်၊ ဂျုံနှင့် နေကြာ စံပြစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံရှိ ဇီဝမြေဩဇာစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံတာဝန်ခံ ဗိုလ်မှူးအုံးမော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဇီဝမြေဩဇာစက်ရုံသုံး ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့် ဇီဝအစာထည့်ကန် (Inlet)၊ ဇီဝဓာတ်ငွေ့ထုတ်ကန် (Digester)၊ ဇီဝစွန့်ပစ်ကန် (Out Let) တို့ကို လိုက်လံပြသသည်။

ဆက်လက်၍ ဇီဝမြေဩဇာထုတ်စက်လည်ပတ် ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီးဖြစ်သော ဇီဝစုပေါင်းမြေဩဇာ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ထုတ်လုပ်သည့် ဇီဝမြေဩဇာ အမျိုးမျိုးတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဇီဝမြေဩဇာစက်ရုံမှ ထုတ်လုပ်သော ဇီဝမြေဩဇာသည် မြေပဲခွံ၊ ပြောင်းရိုး၊ ကောက်ရိုး စသော စွန့်ပစ္စည်းများနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားပြီး သွင်းကုန်အစားထိုး ဇီဝမြေဩဇာဖြစ်ပြီး သီးနှံထွက်နှုန်း တိုးတက်မြင့်မားမှုကို သိသိသာသာ အကျိုးပြုသည့်အပြင် ဈေးနှုန်းချိုသာသဖြင့် တောင်သူလယ်သမားများ နှစ်ခြိုက်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ တစ်နေ့ ၂၅တန်ကျ ရွှေလီရတနာ ဆီစက်သို့ ရောက်ရှိကြရာ ဆီစက် တာဝန်ခံ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး ဆီစက်အတွင်း လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရွှေလီရတနာဆီစက်ရှိ ကြိတ်စက်လေးလုံးဖြင့် မြေပဲဆီကြိတ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Association for Oversea Technical Scholarship (AOTS)တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အိုင်တီပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Instructors၊ Training on Fundamental IT for Myanmar (MYFEIT)နှင့် Fundamental IT Engineer for Myanmar (MYFE) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၈ရက်က လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက သင်တန်းသူ တစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)



Myanmar P.G.A နှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲကျင်းပပြီး ဆုများချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၃၀

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003) ၏ စတုတ္ထပွဲစဉ် Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ပဲခူးမြို့နယ်ရှိ Hanthawaddy Golf and Country Club ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ Myanmar P.G.A နှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ UPG မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်က အမျိုးသမီးအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ကိုချီးမြှင့်ရာ ပြိုင်ပွဲသုံးရက်စလုံးတွင် ပထမနေ့(၇၇)ချက်၊ ဒုတိယနေ့(၇၈)ချက်နှင့် တတိယနေ့တွင် (၇၅)ချက်ဖြင့် ရရှိသွားသည့် ခင်သူသူ (Y.C.D.C)အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte., Ltd မှ Special Projectမန်နေဂျာဦးမြင့်သိန်းက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best)ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများဖြစ်ကြသည့် ပထမနေ့ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းနှင့် အောင်အောင်ကျော်တို့က (၇၂)ချက်စီ၊ ဒုတိယနေ့ပြိုင်ပွဲတွင် ယဉ်အောင်လတ်က (၇၂)ချက်၊ တတိယနေ့ ပြိုင်ပွဲတွင် အောင်အောင်ကျော်က (၆၈)ချက်နှင့် စတုတ္ထနေ့ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက (၆၉)ချက်တို့အား လည်းကောင်း၊ M.P.G.A နှင့် M.G.F အမှုဆောင် ဦးကိုကိုလေးက Professional Golfers ပြိုင်ပွဲတွင်လည်းနေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best)ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသည့် ပထမနေ့ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West)က(၆၈)ချက်၊ ဒုတိယနေ့ ပြိုင်ပွဲတွင် မြင့်ရွှေ(Wilson)က (၆၉) ချက်၊ တတိယနေ့ပြိုင်ပွဲတွင် စိုးကျော်နိုင်(Pan-West)၊ သန်းနိုင် (Wilson) နှင့် ကျော်စွာလင်း(Ping)တို့က (၇၁) ချက်စီ၊ စတုတ္ထနေ့ပြိုင်ပွဲတွင် အောင်ဝင်း (Y.C.D.C)က (၇၀)ချက်တို့အား လည်းကောင်း၊ Htoo Trading Co., Ltd မှ ဦးဇော်မင်းက အမျိုးသမီး အပျော်တမ်းတွင် စုစုပေါင်းရိုက်ချက် (၂၃၀)ချက်ဖြင့် ဗိုလ်စွဲသွားသည့် ခင်သူသူ (Y.C.D.C)၊ စုစုပေါင်းရိုက်ချက် (၂၅၄)ချက်ဖြင့် ဒုတိယရရှိသော ခင်မာညွန့်နှင့် စုစုပေါင်းရိုက်ချက် (၂၆၇)ချက်ဖြင့် တတိယရရှိသော ဌေးဌေးတို့အားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အမျိုးသားအပျော်တမ်း ပြိုင်ပွဲ တွင် စုစုပေါင်းရိုက်ချက် (၂၈၄)ချက်ဖြင့် ဗိုလ်စွဲသွားသည့် ဇော်ဇင်ဝင်း၊ စုစုပေါင်းရိုက်ချက်(၂၈၈)ချက်ဖြင့် ဒုတိယရရှိသော အောင်အောင်ကျော်နှင့် စုစုပေါင်းရိုက်ချက်(၂၉၄)ချက်ဖြင့် တတိယရရှိသော သိန်းဇော်မြင့်တို့အားလည်းကောင်း၊ Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၈၇)ချက်ဖြင့် ဗိုလ်စွဲသွားသည့်အောင်ဝင်း(Y.C.D.C)၊ စုစုပေါင်းရိုက်ချက် (၂၈၈)ချက်ဖြင့် ဒုတိယရရှိသော ချန်ပီယံဟောင်း စိုးကျော်နိုင် (Pan-West) စုစုပေါင်းရိုက်ချက်(၂၉၀)ချက်ဖြင့် တတိယရရှိသော ဇော်ဇော်လတ် (Pan-West) တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။ Professional Golfers ပြိုင်ပွဲ တွင် ဗိုလ်စွဲသွားသော အောင်ဝင်း (Y.C.D.C)အား ဆုကြေးငွေ ချက်လက်မှတ်ကို Rothmans of Pall Mall Myanmar Pte., Ltd Joint Deputy မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)က ပေးအပ်ပြီး ပဲခူးမြို့နယ်ရှိ Hanthawaddy Golf and Country Club ကို ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို ပေးအပ်ချီးမြှင့်ရာ Club ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့်(ငြိမ်း)က လက်ခံသည်။

M.P.G.A နှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် အောင်ဝင်း (Y.C.D.C) အား Crystal Trophy ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ထို့နောက် M.P.G.A အထွေထွေအတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်က Rothmans of Pall Mall Myanmar Pte., Ltd အား ဂုဏ်ပြု အမှတ်တရ လက်ဆောင်ကို ပေးအပ်ချီးမြှင့်ရာ Joint Deputy မန်နေဂျင်းဒါရိုက်တာဗိုလ်မှူးသိန်းအောင် (ငြိမ်း)က လက်ခံသည်။

ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် Rothmans of Pall Malll Myanmar Pte., Ltd က တာဝန်ယူပြီး Official Air Line အဖြစ် Air Mandalay က လည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Musing Wear)က လည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein(Alpine) ကလည်းကောင်း၊ Official Golf Equipment Supplier အဖြစ် K.M Golf Centre ၊ Maruman နှင့် Wilson တို့ကလည်းကောင်း၊ Official of Office Equipment Supplier အဖြစ် Canonကလည်းကောင်း၊ Official Paint Supplier အဖြစ် U.P.G က လည်းကောင်း၊ Hole-In-One ဆုကို Sun Far Travels And Tour ကလည်းကောင်း၊ Pan-West နှင့် Eastern Pro Enterprise, Tiger beer နှင့် ဟံသာဝတီ ဂေါက်ကွင်းတို့ကလည်း အသီးသီး ပံ့ပိုးကူညီကြသည်။ စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် (Organized By Han Event Management) က တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

မုံရွာခရိုင် အရာတော်မြို့နယ် ဝါးတန်းကျေးရွာ ဝါအဝယ်ဒိုင်တွင် နိုဝင်ဘာ ၁၈ ရက်က ဝါးတန်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၂၀ မှ တောင်သူ ၆၂၁ ဦးက ချည်မျှင်ရှည်မျိုးသန့်ဝါ ၃၂၁၀၈ ပိဿာနှင့် မလှိုင် ၅/၆ ဝါ ၁၅၁၉ ပိဿာ စုစုပေါင်း ၃၃၆၂၇ ပိဿာကို စုပေါင်းရောင်းချကြစဉ်။ (ခရိုင်ပြန်/ဆက်)

ရှေးဟောင်းရုပ်ပွားတော် ရေစကြိုတွင်တွေ့ရှိ

ရေစကြို နိုဝင်ဘာ ၁၈

မကွေးတိုင်း ရေစကြိုမြို့နယ် နန်းထိန်းကျေးရွာ အလိုတော်ပြည့်ဘုရား ပရိဝုဏ်ကို ပြုပြင်မွမ်းမံရန် သန့်ရှင်းရေး ပြုလုပ်တူးဖော်ရာမှ ထူးဆန်းလှသော အင်္ဂတေပန်းများ၊ အရိုးအိုးများ၊ မန်ကျည်းစေ့ ကျောက်စာများကို တွေ့ရှိရသဖြင့် ထပ်မံရှာဖွေရာ ကြေးသွန်းမကိုဋ်ဆောင်း ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို တွေ့ရှိရသည်ဟု သိရသည်။

ဗုဒ္ဓရုပ်ပွားတော်မှာ ဉာဏ်တော် လေးလက်မခွဲရှိပြီး ပုဂံခေတ်ထက် မစောသော လက်ရာဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။



(အပေါ်ပုံ) (မြို့နယ်စာနယ်ဇင်း)

ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇော်ပွဲ

မင်းလှ နိုဝင်ဘာ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလမထေရ်ဆရာတော်၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဝိဇာတ မင်္ဂလာပူဇော်ပွဲကို ဒီဇင်ဘာ ၇၊ ၈၊ ၉၊ ရက်များတွင် ဝေဠုဝန် ပရိယတ္တိ စာသင်တိုက်ကျောင်းဝင်း၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေး၊ ရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား ပူဇော်ပွဲကျင်းပရေးကော်မတီမှ ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးကျော်၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးတင့်နှင့် အလုပ်အမှုဆောင်များ နိုဝင်ဘာ ၂၀ ရက်က အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာသို့ ရောက်ရှိလာပြီး ရွာဦးကျောင်းဆရာတော် ဦးအာစိဏ္ဏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်း တည်ဆောက်ထားသည့် ရေပိုပစ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်အောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၄၃၃)

ကန့်ဘလူဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း

ကန့်ဘလူ နိုဝင်ဘာ ၁၃

ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ် ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ် အတွင်းရေးမှူး ဦးအောင်ကျော်စိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးမြင့်တင်က အသင်းကိုယ်စား အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်စိုးက ဂုဏ်ပြုစကား ပြန်လည်ပြောကြားသည်။ (၃၈၆)

အလင်းပြစာကြည့်တိုက် မုတ္တမ၌ ဖွင့်လှစ်

ပေါင် နိုဝင်ဘာ ၂၀

